ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (5-9-2003)°(၃၉၈၄)

ဒါနဉ္စ
တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းက အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral Madhvendra Singh (PVSM, AVSM, ADC) အား ကရဝိက်နန်းတော်၌ တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပြီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း အိန္ဒိယ ရေတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မာဗင်ဒရာဆင်းအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတို့သည် ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းက မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်သည့် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral Madhvendra Singh (PVSM, AVSM, ADC) အား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၁၉၅၈၂၇

ရေးချောင်း တံတား

မွန်ပြည်နယ် ရေးမြို့တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ရေးချောင်းတံတားကြီးကို တွေ့ရစဉ်။ [အဆိုပါ တံတားကြီးပြီးလျှင် မွန်ပြည်နယ် မော်လမြိုင်မှ တနင်္သာရီတိုင်း ထားဝယ်အထိ ရထားများ တစ်ဆက်တစ်စပ်တည်း တောက်လျှောက်ခုတ်မောင်းနိုင်တော့မည် ဟု သိရသည်။]

(သတင်းဆောင်းပါး ကျော်ဖုံး)
ဓာတ်ပုံ–ရေချမ်းမြင့်(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၅-၉-၂၀၀၃
(သောကြာနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက် သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး ကြိုးပမ်း

သဘာဝပတ်ဝန်းကျင်သည် သက်ရှိအားလုံးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ကမ္ဘာ့လေထု၊ ရေထု၊ မြေထု၊ သဘာဝသယံဇာတပစ္စည်းများ၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဖြင့် ဝန်းရံလျက်ရှိသော အရာအားလုံးသည် ကမ္ဘာပေါ်ရှိသက်ရှိအားလုံး၏ ပတ်ဝန်းကျင်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအများအပြားက လူသားများ၏ စားဝတ်နေရေးလိုအပ်ချက်များ ရေရှည်ပြည့်စုံကောင်းမွန်နေစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြသည်။

ကမ္ဘာ့မြေပြင်၏ အစိတ်အပိုင်းအချို့တွင် လယ်ယာမြေများ အရည်အသွေးနိမ့်ကျလျက်ရှိကြောင်းသိရသည်။ သစ်တောပြုန်းတီးမှုများ၊ သဲကန္တာရဖြစ်ပေါ်လာမှုများ၊ မြေပြင်မှ ရေအားလျော့ပါးခန်းခြောက်လာမှုများဖြင့် ကြုံတွေ့ရလျက်ရှိသည်။ ထို့အပြင် နိုင်ငံအများအပြား၌ ပင်လယ်များ၊ မြစ်များ၌ ရေထုညစ်ညမ်းမှုများ၊ သစ်တောသစ်ပင် ပြုန်းတီးမှုများနှင့်အတူ တိရစ္ဆာန်ရှားပါးလာမှုများ ဖြစ်ပေါ်လာလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတော်အစိုးရက အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဥပဒေများ၊ မူဝါဒများချမှတ်ခြင်း၊ အခြေခံအဆင့်အထိ အသိပညာပေးခြင်း လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့သည် ဩဂုတ်လ ၃၁ရက်နေ့က သစ်တောရေးရာဝန်ကြီးဌာနသို့သွားရောက်ပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

သစ်တောရေးရာကဏ္ဍသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိသော ကဏ္ဍတစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများသည် နိုင်ငံတော်၏ ချမ်းသာကြွယ်ဝမှုများဖြစ်ရာ ယင်းသဘာဝ သယံဇာတများကို အကျိုးရှိရှိ အသုံးပြုကြသကဲ့သို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်သည်။

သက်ဆိုင်ရာဌာနများ အနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဌာနနှင့် အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်အရသာမက နိုင်ငံတော်တစ်ရပ်လုံး၏ အကျိုးစီးပွားနှင့်ဆက်စပ်၍လည်း ကျယ်ကျယ်ပြန့်ပြန့် တွေးမြင်လုပ်ကိုင် ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် တစ်ချိန်က သဲကန္တာရဖြစ်လုနီးပါးအခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည့် ဒေသများသည် ယခုအခါ စိမ်းလန်းစိုပြည်သည့် ဒေသများအဖြစ် ပြောင်းလဲနေပြီဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်အတွက် သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကြိုးပမ်းမှု၏ အောင်မြင်မှုသာဓကများပင် ဖြစ်သည်။

သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စွာပေါက်ရောက်နေခြင်းသည် မိုးလေဝသနှင့် ရာသီဥတုအခြေအနေ ကောင်းမွန် မှန်ကန်စေရန် အထောက်အကူပြုသည်။ ထို့ကြောင့် ဒေသအလိုက် သစ်ပင်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များအား စနစ်တကျပြုပြင်ခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သစ်တောအဆင့်အတန်းများ တိုးတက်ရှင်သန်လျက်ရှိကြောင်း တွေ့မြင်ရသည်။

သို့ဖြစ်ရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများက သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သဘာဝတောတောင်များ စိမ်းလန်းစိုပြည်စေရေးနှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရေးတို့အတွက် သစ်တောများကို စနစ်တကျထိန်းသိမ်း အသုံးပြုဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❋ **ရှေ့ဖုံးမှ**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ စစ်ရာထူးခန့်ချုပ်ဗိုလ်ချုပ် ဆန်းဆင့်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့် စစ်သံမှူး Colonel Shakti Gurung တို့ တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral Madhvendra Singh (PVSM, AVSM,ADC) နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းတို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး ကရဝိက်နန်းတော်မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုကပြ ဧည့်ခံဖျော်ဖြေကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်းက အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral, Madhvendra Singh (PVSM, AVSM, ADC) အား ကရဝိက်နန်းတော်၌ တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဓမ္မဒူတ အရှင်ဆေကိန္ဒ တရားပွဲများ

ရန်ကုန် စက်တင်ဘာ ၄

တောင်စွန်းဓမ္မဒူတဆရာတော်ကြီး၏ တပည့်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာန ကထိကဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်သည် စက်တင်ဘာ ၅ရက်နှင့် ၇ရက် နံနက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေဥမင်ဓမ္မသုခတောရ ဓမ္မာရုံ၌လည်းကောင်း၊ စက်တင်ဘာ ၅ရက်နှင့် ၆ရက် ညတို့တွင် ပုသိမ်မြို့၊ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌လည်းကောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

➪ **နိုင်ငံတော်မှ**

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားချက်ကို တနင်္သာရီတိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်က ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယခုထပ်ဆင့်ရှင်းလင်းချက်များကို အစည်းအဝေးတက်ရောက်သူများ အနေဖြင့် ပြည်သူများသိရှိရန် လက်ဆင့်ကမ်း ဆွေးနွေးပြောကြား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန်မှာ ပြည်တွင်း ငြိမ်းချမ်းသာယာမှုရှိရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာသန့်ရှင်းမှုရှိရေးနှင့် ဆက်သွယ်သွားလာမှု လွယ်ကူရန်တို့ လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းသည် ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝသဖြင့် နိုင်ငံတော်က အားထားရသောတိုင်းတစ်တိုင်းဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရန်အတွက် ဒေသဆန်ဖူလုံရေး၊ သားငါးကဏ္ဍလျာထားချက် ပြည့်မီကျော်လွန်အောင်ထုတ်လုပ်ရေး၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း စသည့် နှစ်ရှည်ပင်များ ပိုမို စိုက်ပျိုးထုတ်လုပ်ရေး စသော တနင်္သာရီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ် ခုနစ်ရပ်ကိုဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးနှင့် စီးပွားရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ကာ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



ဖွံ့ဖြိုးဝေစည် မြန်မာပြည် (၁၉၈၈-၂၀၀၃) မကြာမီထွက်မည်

ရန်ကုန် စက်တင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန၏ **ဖွံ့ဖြိုးဝေစည်မြန်မာပြည် (၁၉၈၈-၂၀၀၃)** စာအုပ် မကြာမီထွက်ရှိမည်ဖြစ်သည်။ **(အပေါ်ပုံ)** ယင်းစာအုပ်၌ တစ်နိုင်ငံလုံးတွင် မြို့၊ ရွာနှင့် ကျေးလက်ဒေသ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသော လူမှုဖွံ့ဖြိုးတိုးတက်မှုများကို ဓာတ်ပုံများ၊ ကိန်းဂဏန်းများ၊ ပုံပြဂရပ်များ၊ ဇယားများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၏ ပညာဗဟုသုတတိုးတက်မှုကို အထောက်အကူပြုစေမည့် စာအုပ်ဖြစ်သည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

အယာတိုလာအယ်ဟာကင်မ်ရျာပန၌ ပြည်သူများ ဝမ်းနည်းပူဆွေး
အီရတ်နိုင်ငံ လုံခြုံရေးပျက်ကွက်မှုအတွက် အမေရိကန်ကို ပြစ်တင်

နာဂျက်ဖ် စက်တင်ဘာ ၄

နာဂျက်ဖ်မြို့၌ သောကြာနေ့က ဗုံးပေါက်ခွဲမှုတွင် သေဆုံးသွားသော ရှီးယားမွတ်စလင် ထိပ်တန်းခေါင်းဆောင် အယာတိုလာမိုဟာမက်အယ်ဟာကင်မ်ရျာပနတွင် ဝမ်းနည်းကြေကွဲသူ ၄၀၀၀၀၀ ခန့်တို့က မချီတင်ကဲဖြင့်လိုက်ပါပို့ဆောင်ကြသည်ကို တွေ့မြင်ရသည်။

ဘဂ္ဂဒက်မြို့တော်၌ ရဲဌာနချုပ်ရှေ့တွင် ဗုံးပေါက်ကွဲသဖြင့် တစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရသွားသည်။

အဆိုပါ ရျာပနတွင် ကွယ်လွန်သူ အယာတိုလာမိုဟာမက်အယ်ဟာကင်မ်၏ ညီအစ်ကိုတော်သူ အဗ္ဗဒယ်အဇစ်အယ်ဟာကင်မ်က မိန့်ခွန်း ပြောကြားရာတွင် အီရတ်နိုင်ငံ၏ ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ် နာဂျက်ဖ်မြို့ ဗုံးပေါက်ကွဲမှုမှာ အမေရိကန်တပ်များ၏ လုံခြုံရေးညံ့ဖျင်းမှုကြောင့် ဖြစ်ရကြောင်းဖြင့် ဒေါသတကြီး ပြောကြားလိုက်သည်။

အမေရိကန်တပ်များအား အဗ္ဗဒယ်အဇစ်အယ်ဟာကင်မ်က ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီးနောက် အီရတ်နိုင်ငံမှ ထွက်ခွာသွားကြရန် ပြောကြားလိုက်သည်။

အမေရိကန်တို့ခန့်အပ်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်သူ အဗ္ဗဒယ်အဇစ်အယ်ဟာကင်မ်က နာဂျက်ဖ်မြို့၌ သွေးမြေကျ ဗုံးပေါက်ကွဲမှု ဖြစ်ရခြင်းအတွက်အမေရိကန်တပ်များတွင်အဓိကတာဝန်ရှိကြောင်း ပြောကြားလိုက်သည်။

ကြေညာ

စောစောပိုင်းက အဗ္ဗဒယ်အဇစ်အယ်ဟာကင်မ် အီရတ် အုပ်ချုပ်ရေးကောင်စီမှ နုတ်ထွက်သွားပြီဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ၎င်းက အီရတ်အုပ်ချုပ်ရေးကောင်စီမှ မနုတ်ထွက်ကြောင်း ကြေညာလိုက်သည်။ သို့သော် အမေရိကန်စစ်တပ်၏ တိုင်းပြည်အေးချမ်းအောင် မစွမ်းဆောင်နိုင်မှုကို ၎င်းက ဒေါသတကြီး ပြောကြားလိုက်သည်။

အင်တာနက်။

အီရတ်နိုင်ငံရှိ ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ်ထားရာဗလီတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သေဆုံးခဲ့ရသည့် အယာတိုလာမိုဟာမက်အယ်ဟာကင်မ်အတွက် အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒါဘာကန်မြို့တွင် အီရတ်နိုင်ငံဖွား အမေရိကန်နိုင်ငံသားများ ဆုတောင်းမေတ္တာပို့သနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ဗြိတိန်တပ်များ ရုပ်သိမ်းရေး ဗြိတိန်ပြည်သူအများစု လိုလား

လန်ဒန် စက်တင်ဘာ ၃

အီရတ်မှ ဗြိတိန်စစ်သားများ ရုပ်သိမ်းရေးကို ဗြိတိန်ပြည်သူ ၆၁ ရာခိုင်နှုန်းက ထောက်ခံပြီး ၂၉ ရာခိုင်နှုန်းက အမြန်ဆုံးဆုတ်ခွာရန်လိုလားကြကြောင်း တနင်္လာနေ့က သတင်းစာတစ်စောင်တွင်ဖော်ပြသည့် အိုင်စီအမ်ပြည်သူ့သဘောထား ထောက်ခံမှုစာရင်းတွင် တွေ့ရသည်။

ဗြိတိန်ပြည်သူ ၃၂ ရာခိုင်နှုန်းက ဗြိတိန်စစ်သားများကို အီရတ်မှ တဖြည်းဖြည်းရုပ်သိမ်းသင့်သည်။ သို့သော် အချိန်အတိုင်းအတာ တိကျစွာသတ်မှတ်ရုပ်သိမ်းသင့်သည်ဟု သဘောရရှိပြီး အနည်းငယ်ကမူ အီရတ်၌ ဗြိတိန်စစ်သားများကို လိုအပ်သလောက်ကြာရှည်စွာထားရန် လိုလားကြသည်ဟု ပြည်သူ့သဘောထားစစ်တမ်းအရ သိရသည်။

အဆိုပါ ပြည်သူ့သဘောထားစစ်တမ်းကိုဗြိတိန်အစိုးရ၏ လက်နက်ပါရဂူ ဒေါက်တာကယ်လီ (၅၉နှစ်) ကိုယ့်ကိုယ်ကိုသေကြောင်းကြံမှုကို စစ်ဆေးသည့် လော့ဒ်ဟတ်တန်ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေး အဖွဲ့ရှေ့မှောက်သို့ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကိုယ်တိုင် ကြာသပတေးနေ့က အစစ်ခံပြီးနောက် ရယူခြင်းဖြစ်သည်။

ဒေါက်တာကယ်လီသေဆုံးရမှုတွင်ပြည်သူ ၂၁ရာခိုင်နှုန်းက ဝန်ကြီးချုပ် တိုနီဘလဲအားလည်းကောင်း၊ ၁၅ရာခိုင်နှုန်းက ဒေါက်တာကယ်လီ ကိုယ်တိုင်အပေါ်တွင်လည်းကောင်း၊ ၇ ရာခိုင်နှုန်းက ကာကွယ်ရေးဝန်ကြီးဂျက်ဖ်ဟွန်းအပေါ်လည်းကောင်း၊ ၆ရာခိုင်နှုန်းက ဝန်ကြီးချုပ်၏ဆက်သွယ်ရေးညွှန်ကြားရေးမှူး ကမ့်ဘဲလ်အပေါ်တွင်လည်းကောင်း အသီးသီးအပြစ်ဖို့ကြသည်။

ဒေါက်တာကယ်လီမှာ အီရတ်၏ လက်နက်အစီအစဉ်နှင့် ပတ်သက်၍ ဗြိတိန်အစိုးရက ပုံကြီးချဲ့သည်ဆိုသော ဘီဘီစီသတင်းထောက်၏ ဖော်ပြချက်နှင့်စပ်လျဉ်း၍ ဘီဘီစီနှင့်ဗြိတိန်အစိုးရအကြား ပဋိပက္ခတွင် သတင်းပေါက်ကြားသူအဖြစ်ကြားညပ်ကာ လွှတ်တော်ကော်မတီရှေ့မှောက် စိစစ်ခြင်းခံရပြီးနောက် ကိုယ့်ကိုယ်ကိုအဆုံးစီရင်သွားသည့်အဖြစ် ရောက်ရှိခဲ့သည်။

အင်တာနက်။

အီရတ်စစ်ပွဲ အသေအပျောက်များပြီး ကုန်ကျစရိတ်များပြား တားမြစ်လက်နက်များ ရှာမတွေ့၍ တရားမျှတမှုရှိ မရှိမေးခွန်းထုတ်ခံနေရ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ်က မေ ၁ရက်တွင် ကြေညာသော်လည်း အမေရိကန် ဦးဆောင်သည့် တပ်များ တပ်စွဲထားခြင်းမှာ ငွေရေးကြေးရေးအရ များစွာအကုန်အကျများပြီး နှစ်ဖက် အသေအပျောက်များမှာလည်း များပြားသည်ကို တွေ့ရသည်။

သတင်းမီဒီယာ အုပ်စုများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ခန့်မှန်းချက်စာရင်းအရ အီရတ် အရပ်သား အသေအပျောက် ၆၀၀၀ မှ ၁၀၀၀၀ ကြားရှိမည်ဟု သိရသည်။

ခန့်မှန်း

အမေရိကန်နှင့် မဟာမိတ်တပ်သားများ အသေအပျောက်မှာ စစ်ပွဲကာလကထက် နောက်ပိုင်း သေဆုံးမှုမှာ နှစ်ဆများကာ ၃၀၀ ကျော်အထိ ရှိနေပြီဟု ခန့်မှန်းရသည်။ ထိခိုက်ဒဏ်ရာရသူပေါင်းမှာ ခန့်မှန်းခြေ ၂၀၀၀၀ အထိ ရှိမည်ဟုဆိုသည်။

ကုန်ကျစရိတ်များပြား

အီရတ်စစ်ပွဲ၌ အဆိုပါ ထိခိုက်သေဆုံးမှုများအပြင် စစ်ဖြစ်ပွားရမှုနှင့် သိမ်းပိုက်ထားမှုကြောင့် ငွေကြေးကုန်ကျစရိတ်မှာလည်း များပြားသည်။

သုံးသပ်

အမေရိကန်ကွန်ဂရက်ဘတ်ဂျက်ရုံး (စီဘီအို)၏ နောက်ဆုံး သုံးသပ်ချက်အရ၂၀၀၄ခုဘဏ္ဍာရေးနှစ်တွင်ဘတ်ဂျက်လိုငွေ ဒေါ်လာဘီလျံ ၅၀ ရှိမည်ဟု ခန့်မှန်းထားသည်။

ပစ်မှတ်

အီရတ်နိုင်ငံ၏ အခြေခံ အဆောက်အအုံမှာ အပျက်အစီးများ ရှိနေသည့် အခြေအနေတွင်ပင် ရှိနေသေးသည်။ ရေနံပိုက်လိုင်းများမှာ ယခုတိုင် ဆက်လက်ပြီး ပစ်မှတ်အဖြစ် ဗုံးခွဲတိုက်ခိုက်မီးရှို့ခံနေရသည်။

ရေဖြန့်ဖြူးရေးနှင့် စားနပ်ရိက္ခာပြတ်လပ်မှုက သေဆုံး၊ ဖျားနာမှုများကို ဆက်လက်ပေါ်ပေါက်စေသည့်အတွက် ဩဂုတ်လအတွင်း ... ဩဂုတ်ရာသီတွင် အာဟာရဓာတ်ချို့တဲ့သူပေါင်း သန်း ၂၀ အထိ တိုးတက်များပြားလာသည်။

မေးခွန်းထုတ်

လူအစုအပြုံလိုက် သေစေသည့် တားမြစ်လက်နက်များ ရှာမတွေ့ခြင်းကြောင့် အမေရိကန် နိုင်ငံသားအများအပြားနှင့် အခြားနိုင်ငံများမှ ခေါင်းဆောင်များက အီရတ်စစ်ပွဲမှာ တရားမျှတပါ၏လောဟု ဆက်လက်မေးခွန်းထုတ်လျက်ရှိသည်။

အင်တာနက်။

ပြင်သစ်၌ တောမီးငြိမ်းသတ်စဉ် မီးသတ်သမား သုံးဦးသေဆုံး

တူလုံ(ပြင်သစ်) စက်တင်ဘာ ၃

ပြီးခဲ့သော တနင်္လာနေ့က ပြင်သစ်နိုင်ငံ စိန့်တိုပက်ဇ်ရှိရိုင်ဗီရာအပန်းဖြေစခန်းအနီး၌ လောင်ကျွမ်းနေသော တောမီးကို ငြိမ်းသတ်ရန် ကြိုးစားစဉ် မီးသတ်သမားသုံးဦး မီးလောင်သေဆုံးခဲ့သည်။

အဆိုပါ တောမီးမှာ ပြင်သစ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတွင် လောင်ကျွမ်းခြင်းဖြစ်ပြီး အခြားမီးသတ်သမား ၁၀၀၀ကျော်နှင့် မီးငြိမ်းသတ်ရန် ဆောင်ရွက်စဉ် အဆိုပါ မီးသတ်ရဲဘော်သုံးဦး မီးလောင်ကျွမ်းခံခဲ့ရသည်။

အခြားမီးသတ်သမားတစ်ဦးမှာ အရေးပေါ်ယာဉ်နှင့် တိုက်မိသောကြောင့် ဒဏ်ရာပြင်းထန်စွာ ရခဲ့သည်။ ပြင်သစ်နိုင်ငံ၌ အပူလှိုင်း ကျရောက်မှုကြောင့် ရာသီဥတုမှာ ပူပြင်းခြောက်သွေ့နေသော်လည်း မီးငြိမ်းသတ်မှုမှာ တိုးတက်မှုများ ရှိနေသည်။

ထိုစဉ်အတွင်း ယခုနှစ်နွေရာသီတွင် ပြင်သစ်နိုင်ငံ၌ ကျရောက်ခဲ့သော အပူလှိုင်းကြောင့် သေဆုံးခဲ့ပြီး တာဝန်ယူသဂြိုဟ်ခြင်း မရှိသော ရုပ်အလောင်း ၆၀ ကို ပါရီမြို့ရှိ သင်္ချိုင်းတစ်ခုတွင် အခမ်းအနားဖြင့် သဂြိုဟ်မည်ဖြစ်ကြောင်း ပါရီမှလာသည့် ရိုက်တာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အဆိုပါ အပူလှိုင်းကြောင့် ဩဂုတ်လ၏ ပထမနှစ်ပတ်အတွင်း လူပေါင်း ၁၁၄၀၀ကျော်သေဆုံးခဲ့ပြီး အများစုမှာသက်ကြီးရွယ်အိုများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တောမီးလောင်ကျွမ်းနေသည်ကို ငြိမ်းသတ်နေသည့် ပြင်သစ် မီးသတ်သမားတစ်ဦး။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အမေရိကန်တပ်စွဲမှု တစ်နှစ် ဒေါ်လာ ရှစ်ဘီလျံမှ ၂၉ ဘီလျံအထိ ကုန်ကျနိုင် အမေရိကန်တပ်သားဦးရေ သိသိသာသာ လျှော့ချရေး သုံးသပ်စဉ်းစားနေ

ဝါရှင်တန် စက်တင်ဘာ ၃

အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်များ တပ်စွဲထားမှုမှာ နှစ်စဉ် ဒေါ်လာ ရှစ်ဘီလျံမှ ၂၉ ဘီလျံအထိ ကုန်ကျ နိုင်ကြောင်း၊ သို့သော် ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေမည့်နည်းလမ်းမှာ အမေရိကန်တပ်သားများ သိသိသာသာ လျှော့ချရေးပင်ဖြစ်ကြောင်း အမေရိကန်ကွန်ဂရက် ဘတ်ဂျက်ရုံး (စီဘီအို)က လေ့လာသုံးသပ်သည့် ဖြစ်နိုင်ခြေများအရ သိရသည်။

နှစ်စဉ်ကုန်ကျစရိတ်

အီရတ်ရှိ အမေရိကန်တပ်သားဦးရေကို မတိုးဘဲ တစ်နှစ်လုံး တင်းပြည့်စစ်မှုထမ်းစစ်သားများကို အဓိကထား တွက်ချက်လျှင် နှစ်စဉ်ကုန်ကျစရိတ်မှာ ဒေါ်လာ ရှစ်ဘီလျံမှ ဒေါ်လာ ၁၂ ဘီလျံအထိ ရှိနိုင်ကြောင်းဖြင့် ကွန်ဂရက် ဘတ်ဂျက်ရုံး (စီဘီအို)က အင်္ဂါနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

လောလောဆယ် အမေရိကန်စစ်ဌာနချုပ်က လိုက်နာကျင့်သုံးနေသည့် ကမ္ဘာတစ်ဝန်း အမေရိကန်၏ စစ်ရေး အသင့်ရှိမှုဝါဒကို ထိန်းထားရေးအတွက် အမေရိကန်နိုင်ငံအနေဖြင့် ရှေ့နှစ်မတ်လတွင် အီရတ်ရှိ အမေရိကန်စစ်သား ဦးရေကို စတင်လျှော့ချတော့မည်ဟု လေ့လာသုံးသပ်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်နိုင်ခြေအရ အီရတ်နိုင်ငံတွင်းနှင့် အနီးတစ်ဝိုက်တွင် လောလောဆယ်ထားရှိသည့် အမေရိကန် စစ်သား ၁၈၀၀၀၀ ကို ၂၀၀၄-၂၀၀၅ ခုနှစ် ဆောင်းရာသီတွင် စစ်သားဦးရေ ၃၈၀၀၀ မှ ၆၄၀၀၀ သို့ လျှော့ချရတော့မည်ဟု လေ့လာသုံးသပ်ချက်တွင် ဖော်ပြပါရှိသည်။

အီရတ်နိုင်ငံဆိုင်ရာ သမ္မတဘုရှ်၏ မူဝါဒများကို ဝေဖန်ဆန်းစစ်သူများက ပြစ်တင်ဝေဖန်နေချိန်တွင် ဤအစီရင်ခံစာ ပေါ်ထွက်လာခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်တွင် တစ်လတာကာလအတွင်း အရေးကြီးနေရာများကို ဗုံးခွဲမှု လေးကြိမ်ရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်နိုင်ငံတွင် တစ်လတာကာလအတွင်း အရေးကြီးထင်ရှားသောနေရာများကို ဗုံးခွဲတိုက်ခိုက်နေသည်မှာ လေးကြိမ်တိတိရှိသွားပြီ ဖြစ်သည်။ ပြီးခဲ့သော အင်္ဂါနေ့က ဘဂ္ဂဒက်မြို့ ရဲဌာနချုပ်တွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြား ၁၅ ဦး ဒဏ်ရာရရှိသွားသည်။

ဂျာပန

အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များက ဆက်ဒမ်အစိုးရကို ဧပြီ ၉ ရက်က ဖြုတ်ချခဲ့ချိန်နောက် အကြီးအကျယ်ဆုံး ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ ထိပ်တန်း ရှီးယားဘာသာရေး ခေါင်းဆောင်တစ်ဦး သေဆုံးသွားခဲ့သည်။ နာဂျက်ဖ်မြို့၌ သေဆုံးသွားသော ဘာသာရေးခေါင်းဆောင်၏ ဈာပန အခမ်းအနားကို ပရိသတ် ၁၀၀၀၀၀ ခန့် စုရုံးပြီး ကျင်းပနေချိန်တွင် ဘဂ္ဂဒက် ရဲဌာနချုပ်၌ ဗုံးပေါက်ကွဲခြင်း ဖြစ်သည်။

ထောက်လှမ်းနေ

ရဲဌာနချုပ် ဗုံးပေါက်ကွဲမှု၊ ဘာသာရေး ခေါင်းဆောင်နှင့် အဖွဲ့သားများ ဗုံးခွဲလုပ်ကြံခံရမှု၊ ကုလသမဂ္ဂရုံး ဗုံးဖောက်ခွဲခံရမှုနှင့် ဂျော်ဒန်သံရုံး ဗုံးဖောက်ခွဲမှုလေးခုစလုံးတွင်ပြင်းထန်သောကားဗုံးများဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ အမေရိကန် အက်ဖ်ဘီအိုင် စုံစမ်းရေးဌာနနှင့် အခြား ထောက်လှမ်းရေးမှူးများသည် အထက်ဖော်ပြပါတိုက်ခိုက်မှုများ၏ လက်သည်မည်သူ ဖြစ်ကြောင်း သိရှိနိုင်စေရန် ထောက်လှမ်းလျက်ရှိကြသည်။

ယခုကဲ့သို့ပြင်းထန်သော ဗုံးခွဲမှုများ မဖြစ်မီကပေါ်ပေါက်ခဲ့သော တိုက်ခိုက်မှုများမှာ ဒုံးပစ်လောင်ချာများ၊ ရိုင်ဖယ်များဖြင့်သာ တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ထိုစဉ်က တိုက်ခိုက်မှုများ၏ လက်သည်မှာ ဖွဲ့သန်လှသော ဆက်ဒမ်၏ နောက်လိုက်များနှင့် အယ်ခိုင်ဒါ အဖွဲ့များနှင့် ပြည်ပ တိုက်ခိုက်ရေးသမားများ ဖြစ်သည်ဟု အမေရိကန်တို့က အကြိမ်ကြိမ်ဖော်ပြခဲ့သည်။

သေဆုံး

ထိုအတောအတွင်း အမေရိကန်စစ်သည်နှစ်ဦး တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးသွားသည်ဟု စစ်ဘက်ဆိုင်ရာတို့က သတင်းပို့သည်။

ရင်ဆိုင်နေရ

အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ယခုအခါ အီရတ်နိုင်ငံသည် အရေးပါသော တိုက်ခိုက်မှု အန္တရာယ်များနှင့် ရင်ဆိုင်နေရပြီဟု ယူဆကြောင်း ပြောကြားသွားသည်။ ပေါလ်ဘရီမာသည် အကြမ်းဖက်မှု တန်ပြန် တိုက်ခိုက်ရေးကျွမ်းကျင်သူ တစ်ဦးဖြစ်သည်။ ***အင်တာနက်။***

စက်တင်ဘာ ၂ ရက်က မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသည့် အီရတ်ရဲအရာရှိတစ်ဦးအား လုပ်ဖော်ကိုင်ဖက်တစ်ဦးက ဖေးမခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဝိုင်းအတိုက်ခံရ

ကဘူး စက်တင်ဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီကာပြည်နယ်တွင် တနင်္ဂနွေနေ့က အပြန်အလှန်ပစ်ခတ်သည့် တိုက်ပွဲငယ်တစ်ခု ဖြစ်ပွားသည်။ အဆိုပါတိုက်ခိုက်မှုမှာ နယ်စပ်မြို့လေးတစ်မြို့၌ စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ အဝိုင်းခံရပြီးနောက် ၁၉ မိနစ်ကြာ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာ ရရှိခဲ့သည့်အနက် နှစ်ဦးမှာသေဆုံးခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ယခု အချိန်အထိ အမေရိကန် တပ်ဖွဲ့ဝင် ၃၅ ဦးခန့် သေဆုံးခဲ့ပြီး ၁၆၇ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ *စီစီတီဗွီ။*

နိုင်ငံတကာ သတင်းများ

စောင့်ကြပ်

စက်တင်ဘာ ၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ရှိ ရဲစခန်းတစ်ခုကို အမေရိကန်တပ်သားတစ်ဦးက စောင့်ကြပ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ၌ လုံခြုံရေးတာဝန်များ ပျက်ကွက်မှု အမေရိကန်အား ဖိအားပေးမှု မြင့်မားလာ

ဝါရှင်တန် စက်တင်ဘာ ၃

အီရတ်နိုင်ငံ၌ လုံခြုံရေးတာဝန်များ ပျက်ကွက်မှုအပေါ် ပြည်တွင်း၊ ပြည်ပမှ ဖိအားပေးခံလာရသည့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်အရေးတွင် ကုလသမဂ္ဂအနေဖြင့် စစ်ရေးကဏ္ဍ၌ ကြီးမားစွာ တာဝန်ယူနိုင်ရေး အင်္ဂါနေ့တွင် စတင်စီစဉ်နေသည်ဆို၏။

အီရတ်တွင် နိုင်ငံတကာတပ်များ ပိုမိုတာဝန်ယူနိုင်ရေးနှင့် နိုင်ငံရေးတည်ငြိမ်မှု တည်ဆောက်ရာတွင် ကုလသမဂ္ဂအဖွဲ့က ပိုမိုကူညီလာစေမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် စေ့စပ်ဆွေးနွေးရေး သမ္မတဘုရှ်က နိုင်ငံခြားရေးဝန်ကြီး ပါဝဲလ်အား ညွှန်ကြားလိုက်ကြောင်း အမေရိကန်ထိပ်တန်း အရာရှိတစ်ဦးက ပြောဆိုသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီမူကြမ်းကို မိမိတို့စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း၊ အီရတ်၏နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးနယ်ပယ်များတွင် ကုလသမဂ္ဂအခန်းကဏ္ဍ မည်သို့သတ်မှတ်ရေး၊ အီရတ်ပြည်သူတို့၏ နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အကူအညီပေးနိုင်မည့် နည်းလမ်းများ မည်သို့ပေးမည်ဆိုသည့်ကိစ္စများကို ဆွေးနွေးခြင်းဖြစ်သည်ဆို၏။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတွင် အီရတ်ရွေးကောက်ပွဲများ ကျင်းပရေးတွင် ကုလသမဂ္ဂ ကူညီရမည့်အခန်းကဏ္ဍလည်း ပါဝင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂသံတမန်များက ပြောဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံသို့ တပ်ဖွဲ့စေလွှတ်ရေး ဂျာမနီအစိုးရ ထပ်လောင်း ကန့်ကွက်

ဘာလင် စက်တင်ဘာ ၃

အီရတ်နိုင်ငံရှိ နိုင်ငံစုငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်သားများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဂျာမနီနိုင်ငံက ၎င်း၏တပ်သားများအား အီရတ်နိုင်ငံသို့ စေလွှတ်မည်မဟုတ်ဟု ဂျာမနီအစိုးရက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

<u>အကူအညီမတောင်းခံ</u>

ဂျာမနီအစိုးရ၏ ငြင်းဆိုမှုရပ်တည်ချက်မှာ ယနေ့တိုင် မပြောင်းမလဲရှိနေကြောင်း၊ ၎င်းရပ်တည်ချက်ကို အခြားနိုင်ငံများကလည်း အတည်ပြုထားကြောင်း ဝန်ကြီးချုပ်ရုံးမှ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ သောမတ်စ်စတက်က ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်သားများ စေလွှတ်ရေးနှင့် စပ်လျဉ်း၍ အကူအညီမတောင်းခံကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်သမ္မတဘုရှ် နိုင်ငံကို လမ်းမှားရောက်အောင် ဆောင်ရွက်နေဟု ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၃

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည်နိုင်ငံကို လမ်းမှားသို့ရောက်အောင် ဆောင်ရွက်လျက်ရှိသည်ဟု အမေရိကန်သမ္မတလောင်းဖြစ်သူ ဂျွန်ကယ်ရီက ပြောကြားသည်။

လျော့နည်းဆုံးရှုံး

မစ္စတာဘုရှ်သည် အီရတ်နိုင်ငံအရေးကိစ္စတွင် မကျွမ်းကျင်ဘဲ ကိုင်တွယ်ဦးဆောင်လျက်ရှိပြီး ၎င်း၏လုပ်ရပ်ကြောင့် အလုပ်အကိုင်များစွာ လျော့နည်းဆုံးရှုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စီအင်န်အင်န်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရမှုအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်

ကုလသမဂ္ဂ စက်တင်ဘာ ၃

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး ဗုံးခွဲတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ကုလသမဂ္ဂက အင်္ဂါနေ့တွင် ဆုံးဖြတ်လိုက်သည်။ ကုလသမဂ္ဂသည် ၎င်းဘာသာ၎င်း စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ခြင်းဖြင့် လုံလောက်မှုမရှိဟု ပြစ်တင်ဝေဖန်မှုများ ပေါ်ထွက်လာခဲ့ပြီးနောက် လွတ်လပ်သော စုံစမ်းမှုပြုလုပ်ရန် ကုလသမဂ္ဂက ဆုံးဖြတ်ခြင်းဖြစ်သည်။

ကုလသမဂ္ဂ စီမံခန့်ခွဲရေးဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် ကက်သရင်းဘာတီနီသည် ကုလသမဂ္ဂဝန်ထမ်းများအားလုံးထံသို့ အင်တာနက် အီး-မေးလ်ဖြင့် စာပေးပို့ရာတွင် မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရမှုဖြစ်ရပ် မပေါ်ပေါက်မီ အကြိုကာလတွင် လုံခြုံရေးအစီအမံများ မည်သို့ရှိသည်ကို စုံစမ်းနိုင်ရန် ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးမှုအပြင် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်သွားမည်ဟု ဖော်ပြထားသည်။ အဆိုပါ တိုက်ခိုက်ခံရမှုကြောင့် လူပေါင်း ၂၂ဦး သေဆုံးခဲ့ရပြီး လူ ၁၆၀ ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ် ၁၉ရက်တွင် ဖြစ်ပွားသည့် အဆိုပါ ဗုံးကွဲမှုနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာ အခြေအနေကို ဆန်းစစ်လေ့လာနိုင်ရန် မည်ကဲ့သို့သော လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းမည်ကို ဘာတီနီ၏ အီး-မေးလ်၌ ဖော်ပြခြင်း မရှိပေ။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရချိန်မှစ၍ အီရတ်တွင် ကုလသမဂ္ဂ၏ အထူးလုပ်ငန်းများ ရပ်ဆိုင်းထားရန် ကုလသမဂ္ဂဝန်ထမ်းများ သမဂ္ဂ၏လုံခြုံရေးဆိုင်ရာ ကော်မတီက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တိုက်တွန်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

စက်တင်ဘာ ၃ရက်က အီရတ်နိုင်ငံ တယ်ကာဆက်မြို့တွင် စီးနင်းဝင်ရောက်ရှာဖွေစဉ် အမေရိကန်တပ်သားတစ်ဦးက အီရတ်နိုင်ငံသားတစ်ဦးအား မျက်စိကိုပိတ်၍ ဖမ်းဆီးခေါ်ဆောင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကွန်ပျူတာလူငယ် ဗိုင်းရပ်စ်ပျံ့နှံ့မှုဖြင့် တရားစွဲဆိုထား

နယူးယောက် စက်တင်ဘာ ၃

ကွန်ပျူတာဗိုင်းရပ်စ် ဘလက်စတာ ပျံ့နှံ့မှုနှင့်ပတ်သက်၍ ကွန်ပျူတာအတွင်း တရားမဝင် ဝင်ရောက်နှောင့်ယှက်သူ ဆယ်ကျော်သက်အရွယ်လူငယ်တစ်ဦးကို ပြီးခဲ့သည့်သောကြာနေ့တွင် ဖမ်းဆီးခဲ့သည်။

ယခုအခါ အသက် ၁၈နှစ်အရွယ်ရှိ မင်နီဆိုတာပြည်နယ်မှ ဂျက်ဖရီလီးပါဆန်သည် ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာများကို ထိခိုက်ပျက်စီးစေသော ဘလက်စတာ ကွန်ပျူတာဗိုင်းရပ်စ်ကို စတင် ဖြန့်ဝေသူမဟုတ်သော်လည်း မူရင်းဘလက်စတာဗိုင်းရပ်စ်ကို အခြားကွန်ပျူတာ ၇၀၀၀ သို့ ထိခိုက်စေရန် ပျံ့နှံ့စေမှုဖြင့် ၎င်းကို တရားစွဲဆိုထားသည်။

လွန်ခဲ့သည့် လအတွင်းက ကွန်ပျူတာများကို ထိခိုက်စေခဲ့သော ကွန်ပျူတာ ဗိုင်းရပ်စ်များအား ကြိုးကိုင်စီစဉ်ရေးဆွဲသူ တရားခံအစစ်ကို တာဝန်ရှိသူများက ဆက်လက်ရှာဖွေလျက်ရှိသည်။

စီအင်န်အင်န်။



အီရတ်စစ်ပွဲစတင်ချိန်မှ စက်တင်ဘာ ၃ရက်အထိ အမေရိကန်စစ်သား စုစုပေါင်း ၂၈၆ဦး သေဆုံးခဲ့ပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်စစ်ပွဲ စတင်ချိန်မှ စက်တင်ဘာ ၃ရက်အထိ ကာလအတွင်း အမေရိကန်စစ်သား စုစုပေါင်း ၂၈၆ဦး သေဆုံးခဲ့ရပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန စာရင်းများက ဖော်ပြသည်။

ဗြိတိန်အစိုးရက ဗြိတိသျှစစ်သား ၄၉ဦး သေဆုံးကြောင်း ဖော်ပြပြီး ဒိန်းမတ်နိုင်ငံက ဒိန်းမတ်စစ်သားတစ်ဦး သေဆုံးသွားကြောင်း သတင်းထုတ်ပြန်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်သော စာရင်းများအရ သမ္မတဘုရှ်က စစ်ပွဲပြီးပြီဟု ကြေညာခဲ့သော မေ ၁ရက်မှ ယနေ့ စက်တင်ဘာ ၂ရက်အထိ ကြားကာလတွင် သေဆုံးခဲ့ရသော အမေရိကန်စစ်သားဦးရေမှာ ၁၄၈ဦး ရှိသွားပြီဟု သိရသည်။

စက်တင်ဘာ ၁ရက် ညနေပိုင်း ၃နာရီ ၁၉မိနစ်ခန့်က ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ အဓိကထောက်ပံ့ရေး လမ်းမကြီးပေါ်တွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ စစ်ရဲတပ်ဖွဲ့ အမှတ်(၂၂၀)မှ စစ်သည်နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသွားသည်။

အင်္ဂါနေ့နံနက်ပိုင်းက ရဟတ်ယာဉ်တစ်စင်း မတော်တဆမှုဖြစ်ပွားရာ အမှတ်(၁) သံချပ်ကာတပ်မမှ စစ်သည်တစ်ဦး သေဆုံးသွားပြီး တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။ ဒေါ့ဝဒ်စခန်းတွင် ၁၂နာရီခွဲအချိန်က ယူအိတ်-၆၀ ရဟတ်ယာဉ်တစ်စင်း ကွင်းသို့အဆင်း၌ မတော်တဆမှု ဖြစ်ပွားသွားခဲ့ခြင်းဖြစ်သည်။

အသက် (၄၁)နှစ်ရှိ တပ်ကြပ်ကြီးစာရေး မတ်အေလော်တန်မှာ အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဟောဒန်အရပ်မှဖြစ်သည်။ ၎င်းလိုက်ပါလာသော စစ်ယာဉ်တန်းသည် ဩဂုတ်လ ၂၉ရက်က ဆက်စ်အက်ဆွေဒတ်ဒေသ၌ ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခံရသဖြင့် သေဆုံးသွားခဲ့သည်။ လော်တန်သည် အမှတ်(၂၄၄) အင်ဂျင်နီယာတပ်ရင်းမှ ဖြစ်သည်။ ၎င်း၏ တပ်ရင်းဌာနသည် အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဂရင်းဂျန်ရှင်ဒေသတွင် တည်ရှိသည်။

အင်တာနက်။

ကုလသမဂ္ဂရုံး ဗုံးခွဲခံရမှု ဝမ်းနည်းသဝဏ်လွှာများ ပေးပို့

ကုလသမဂ္ဂ စက်တင်ဘာ ၃

လွန်ခဲ့သည့် ရက်သတ္တပတ်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးကို အကြမ်းဖက်တိုက်ခိုက်ခဲ့ချိန်မှစ၍ ကုလသမဂ္ဂက အင်တာနက်တွင် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်သို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့နေကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ဝမ်းနည်းကြောင်းဖော်ပြသည့် သဝဏ်လွှာများကို အင်္ဂလိပ်၊ ပြင်သစ်၊ အာရေဗျ၊ ရုရှားနှင့် အခြားသော ဘာသာစကားများဖြင့် ရေးသားကာ ပေးပို့လျက်ရှိရာ အင်္ဂါနေ့နံနက်အထိ ဝမ်းနည်းကြောင်းသဝဏ်လွှာ ၈၉၀၀ စောင်နီးပါးကို ရရှိခဲ့ကြောင်း ကုလသမဂ္ဂ အင်တာနက်ဝက်ဘ်ဆိုက်ဌာန အကြီးအကဲ မာဘူးအာမက်က ပြောကြားသည်။

သေဆုံး

အီရတ်နိုင်ငံတွင် ဩဂုတ် ၁၉ရက်က ဖြစ်ပွားခဲ့သည့် ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုး အပါအဝင် လူပေါင်း ၂၂ဦး သေဆုံးခဲ့ရသည်။ အသက် ၅၂နှစ်အရွယ်ရှိ ဒီမဲလိုးသည် ဘရာဇီးလူမျိုး သံတမန်တစ်ဦးဖြစ်ပြီး ကုလသမဂ္ဂ၏ အနာဂတ်ခေါင်းဆောင် ဖြစ်လာမည့်သူအဖြစ် ရှုမြင်ခံထားရသူဖြစ်သည်။ ယင်းဗုံးကွဲမှုအတွင်း သေဆုံးခဲ့ရသူများမှာ ဗြိတိန်၊ ကနေဒါ၊ အီဂျစ်၊ အီရန်၊ ဂျော်ဒန်၊ ဖိလစ်ပိုင်၊ စပိန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဖြစ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဂြိုဟ်သိမ်ဂြိုဟ်ငယ်တစ်ခု ကမ္ဘာဂြိုဟ်ကို ဝင်တိုက်နိုင်

ပါရီ စက်တင်ဘာ ၃

ဂြိုဟ်သိမ်ဂြိုဟ်ငယ် အမှတ် ၂၀၀၃ ကျူကျူ၄၇ သည် ကမ္ဘာဂြိုဟ်ကို ၂၀၁၄ ခုနှစ် မတ် ၂၁ ရက်တွင် ဝင်ရောက်တိုက်မိနိုင်ကြောင်း ရူပဗေဒပညာရှင်များက ပြောကြားခဲ့သည်။ ယခုလို တိုက်မိမှုမျိုးသည် အပုံကိုးသိန်းတွင် တစ်ပုံသာ ဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဆိုက်ဘေးရီးယားတွင် ဂြိုဟ်သိမ်တစ်ခု ဝင်တိုက်မိမှု ၁၉၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့ရာ သစ်တောမြေ စတုရန်းကီလိုမီတာ ၂၀၀၀ ပျက်စီးခဲ့သည်။

လွန်ခဲ့သောနှစ် ၆၅ သန်းကလည်း ဂြိုဟ်သိမ်တစ်ခုနှင့် တိုက်မိခဲ့မှုကြောင့် ဒိုင်နိုဆောများ မျိုးသုန်းပျောက်ကွယ်ခဲ့ရသည်။

စီအက်ဖ်အိုင်။

ခေါင်းတိုက်သွင်းယူ

ဩဂုတ် ၃၁ရက်က ကျင်းပသည့် အီတလီပထမတန်း ဘောလုံးပြိုင်ပွဲတွင် ပါမားအသင်းမှ အင်ဒရီရာနို(ယာ)က ဘိုလိုနာအသင်းမှ ဂျူရက်စ်နှင့် ဘောလုံးယှဉ်လုကာ ခေါင်းတိုက်သွင်းယူစဉ်။ (ထိုပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။)
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်

မရီဒ (မက္ကဆီကို) စက်တင်ဘာ ၃

မက္ကဆီကိုနိုင်ငံ တောင်ပိုင်းပြည်နယ် ငါးပြည်နယ်တွင် အင်္ဂါနေ့ အရုဏ်မတက်မီအချိန်၌ လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် လူပေါင်းလေးသန်းထက်မနည်း လျှပ်စစ်ဓာတ်အား မရဘဲနေခဲ့ရသည်ဟု တာဝန်ရှိသူများက ဆိုသည်။

ပြောကြား

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၏ အကြောင်းရင်းမှာ လျှပ်စီးပြတ်မှု သို့မဟုတ် မြေပြိုမှုကြောင့် ဓာတ်အားဖြန့်ဖြူးသည့် ထရန်စဖော်မာ ချို့ယွင်းခဲ့ခြင်းဖြစ်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရောဂါလား . . . လွိုင်လင်ဆေးရုံကြီးရှိနေတယ်

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်ဆေးရုံကိုခုတင် ၂၀၀ အထူးကုဆေးရုံကြီးအဖြစ် အဆင့်မြှင့်ဖွင့်လှစ်ပြီးသော သည်မှာဘက်ကာလများဝယ် ဆေးရုံကြီး၏အလှ တောက်ပလာသလို ဆေးရုံကြီး၏ရနံ့ မွှေးပျံ့လာခဲ့ကာ ဆေးရုံကြီး၏ သတင်း ပျံ့သင်းကြိုင်လှိုင်လာလျက် လွိုင်လင်ခရိုင်သားတို့အကြား **ရောဂါလား – လွိုင်လင်ဆေးရုံကြီးရှိနေတယ်** ဟူ၍ပင် စကားတစ်ခွန်း ဖြစ်ထွန်းနေလေ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ လွိုင်လင်ခရိုင် ပင်လုံဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်ကာ ကောလိပ်နှစ်ခု၊ တက္ကသိုလ်ကြီး တစ်ခုနှင့် ခုတင် ၂၀၀ အထူးကုဆေးရုံကြီးတို့ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့ပြီး ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် ပြည်ထောင်စု အကြိုနေ့၌ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ကိုယ်တိုင် မော်ကွန်းကမ္ပည်း ကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်ပေးခဲ့ပါသော အာဒိကလျာဏ (အစ၏ကောင်းခြင်း) ဂုဏ်ကြောင့် ယနေ့သော် မဇ္ဈေကလျာဏ (အလယ်၏ကောင်းခြင်း)ဂုဏ် သင်းထုံလွင့်ပျံ့လျက် ယခင်ကာလများတုန်းက ကုသခြင်းငှာ မစွမ်းသာခဲ့သော ရောဂါအရပ်ရပ်ကို အမြစ်ပြတ်ကင်းပျောက်အောင် စောင့်ရှောက် ကယ်မနိုင်နေလေပြီ။

ဥဒါဟရဏ်ထုတ်ပြရလျှင် သန္ဓေသားကို လွယ်ထားရခိုက် ဝမ်းဗိုက်အတွင်း သန္ဓေသားစံအိမ်၌ ရောဂါကပ်ငြိလာရာ ဝမ်းဗိုက်ကိုခွဲ၊ သန္ဓေသားစံအိမ်ကိုထပ်ခွဲ၊ သန္ဓေသားကိုအသက်နှင့်တကွထုတ်ယူ၊ အသက်ဆက်ရှင်နေအောင် အပြင်မှာပြုစုစောင့်ရှောက်၊ သန္ဓေသားစံအိမ်၌ ကပ်ငြိလာသော ရောဂါကိုခွဲစိတ် ဖြတ်လှီးထုတ်၊ သန္ဓေသားကို စံအိမ်အတွင်း နေသားတကျပြန်ထည့်၊ ပြန်ချုပ်၊ ဝမ်းဗိုလ်ကိုပါချုပ် ဟူသော ဝိသေသကုသရမှုမျိုးကို လွိုင်လင်အထူးကုဆေးရုံကြီးက ကျွမ်းကျင်စွာ ကုသပေးနိုင်နေပေပြီ။

မိခင်ရော သန္ဓေသားပါ ရောဂါကင်းလျက် အသက်ရှည်ကြောင်းဖြစ်သော ဤကုသမှုမျိုး၌ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း၏ ဦးဆောင်မှု၊ သမားတော် ဒေါက်တာအေးအေးမူ၊ ကလေးအထူးကု ဒေါက်တာခင်နီလာဝင်း၊ မီးယပ်သားဖွားအထူးကု ဒေါက်တာချိုမာကျော်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာအောင်ကျော်မိုးတို့နှင့်အတူ ဆရာဝန်များ၊ သူနာပြုများ၏စုပေါင်းဆောင်ရွက်မှုတို့သည် အထင်ကရ အသွင်လှစွာ ထင်ဟပ်နေလေ၏။ ထို့အတူ အထွေထွေရောဂါရပ်များ၌လည်း သမားတော်ကြီး ဒေါက်တာ ဖြူအေးအေး၊ သမားတော် ဒေါက်တာ အေးအေးမူတို့၏ စိတ်ရှည်ရှည်ဖြင့် ရောဂါရှာဖွေဖော်ထုတ်မှု၊ ဆိုင်ရာရောဂါဗေဒအထူးကုဆရာဝန်များ၏ ထက်ထက်မြက်မြက်ဖြင့် ရောဂါပျောက်အောင် ကုသမှုတို့ကလည်း ဆေးရုံကြီး၏ ဂုဏ်ရည်ကို လှဲ့လှဲ့ကြည်ဝင်းဖန့်နေစေ၏။

အထူးသဖြင့် မျက်စိအထူးကုဆရာဝန် ဒေါက်တာအေးအေးမြင့်၏ စေတနာပန်းနှင့် ပညာစွမ်းကြောင့် **မှုန်ဝါးဝါးနဲ့ပဲ ဘဝဆုံးရတော့မှာပါ** ဟူ၍ မျှော်လင့်ချက် သုညအထိ ချထားပြီးသော သက်ကြီးမျက်စိဝေဒနာရှင်များမှာ ကြည်လင်စွာနှင့် ပီပြင်စွာ ပြန်မြင်လာရခြင်း၊ မျက်ကြည်မှန်ကပ် အမြင်ဓာတ် ထင်ဟပ်ပီပြင်လာခြင်း သတင်းရနံ့များကလည်း ခရိုင်တစ်လွှား ပြန့်ပွားကျယ်ပြောနေလေ၏။

(ခ)

ထို့အပြင်–

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ လမ်းညွှန်မှု၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၏ ကွပ်ကဲမှု၊ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း၏ ဦးဆောင်မှုတို့ဖြင့် အထူးကုဆရာဝန်ကြီးများအဖွဲ့ မြို့နယ်များသို့ ကွင်းဆင်းကုသခြင်းကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့အတွက် ပြက်ပြက်ထင် အလင်းတန်းများ ဖြစ်လေ၏။

မကြာသေးမီက အာရုတစ်ခွင် ဂယက်ရိုက်ခဲ့သော ကူးစက်မြန်ပြင်းထန်နမိုးနီးယားရောဂါဆန်ဆန် လွိုင်လင်ခရိုင် ဝမ်ဆင်းကျေးရွာ၌ ဖြစ်ပွားနေကြောင်း သတင်းရလျှင်ရချင်း အထူးကုဆရာဝန်ကြီးများတစ်ဖွဲ့ သွားရောက်စစ်ဆေးသောအခါ ပြင်းထန်နမိုးနီးယားမဟုတ်ဘဲ သာမန်အဆုတ်အအေးပတ် ချောင်းဆိုးရောဂါဖြစ်ကြောင်း တိကျစွာသိရှိရ၍ ပျောက်ကင်းအောင် ကုသပေးခဲ့ခြင်းအပြင် လွိုင်လင်ခရိုင် မိုးနဲမြို့နယ်သို့ သမားတော် ဒေါက်တာအေးအေးမူ၊ မီးယပ်သားဖွားအထူးကု ဒေါက်တာချိုမာကျော်၊ အရိုးအဆစ်အထူးကု ဒေါက်တာခင်သိန်း၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာတင်အောင်နှင့် သူနာပြုများပါဝင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်း၍ အထွေထွေရောဂါစုံ ကုသပေးခဲ့ခြင်းတို့ဖြင့်လည်း လွိုင်လင်ဆေးရုံကြီး ဂုဏ်သတင်းကို ထုံသင်းကြိုင်ပျံ့စေနိုင်ခဲ့ပေ၏။

ယခုတစ်ဖန် တိုင်းမှူး၏ ညွှန်ကြားမှု၊ ခရိုင်ဥက္ကဋ္ဌ၏ ကွပ်ကဲမှုတို့ဖြင့် ပိုမိုအင်အားတောင့်တင်းသော အထူးကုဆရာဝန်ကြီးများအဖွဲ့ လွိုင်လင်ခရိုင် ကျေးသီး(မန်စံ)မြို့သို့ ကွင်းဆင်းရောက်ရှိခဲ့ပြန်ပါသည်။

(ဂ)

ကျေးသီး(မန်စံ)မြို့

ရှမ်းဘာသာစကားအသံထွက်မှာ ကျေးဆီးမန်စံဟု ဖြစ်၏။ ခရစ်နှစ် ၁၈၆၆ ခုနှစ်တွင် မန္တလေးနန်းတွင်း အရေးတော်ပုံ ပေါ်ပေါက်လာရာ မြို့စားစဝ်ခွန်ရွှက်က ပုန်ကန်သူ မြင်ကွန်းမင်းသားအုပ်စုကို နှိမ်နင်းရန် ငွေ၊ လက်နက်နှင့် ရှမ်းစစ်သည်များကို မန္တလေးသို့ စေလွှတ်၍ ဆက်သပ့်ကူပေးသောကြောင့် မင်းတုန်းဘုရင်ကိုယ်တိုင်က မြို့စား စဝ်ခွန်ရွှက်အား ဆုလာဘ်တော်များစွာနှင့်အတူ ခြင်္သေ့ပုံပါ အောင်လံတော်ကို ချီးမြှင့်သဖြင့် ခြင်္သေ့ကို ရှမ်းဘာသာ (ပါဠိသက်ဝေါဟာရ)အားဖြင့် **ကေဆ**ဟုခေါ်ရာမှ နောင်သော် **ကေဆီ၊ ကျေဆီ၊ ကျေးဆီး**ဟု အသံရွေ့လျောလာပြီး မြန်မာသံ ကျေးသီးဖြစ်လာကြောင်း လေ့လာတွေ့ရှိချက် မှတ်တမ်းရှိပါသည်။

ကျေးသီးမြို့တည်ရာအနီး၌ နမ့်ဟင်ချောင်းဟုခေါ်သော ချောင်းတစ်ချောင်းရှိရာ ရှေးယခင်က ထိုချောင်းအနီး၌မန်စံရွာ၊ မန်ကံရွာ၊ ပန်တင်ရွာနှင့် နားခါးရွာ ဟူသော ရွာလေးရွာကိုပေါင်းကာ မန်စံရွာအဖြစ်လည်းကောင်း၊ ထိုမှ မြို့စားတစ်ဦး အုပ်ချုပ်သော မြို့တစ်မြို့အဖြစ်လည်းကောင်း ဖြစ်တည်လာခဲ့သောကြောင့် မူလရွာအမည် မန်စံကိုပါ ပူးတွဲလျက် ရှမ်းသံ ကျေးဆီးမန်စံ၊ မြန်မာသံ ကျေးသီး(မန်စံ)ဟု ခေါ်ဝေါ်သော မြို့ဖြစ်ပါသည်။

သမိုင်းအရ ကုန်းဘောင်ခေတ်၌ မြန်မာဘုရင်များ၏ ဦးဆောင်မှုအောက်မှာ အတူတကွ စည်းလုံးညီညွတ်ခဲ့သော မြို့တစ်မြို့ဖြစ်သည့်ပြင် နယ်ချဲ့ခေတ်၌ နယ်ချဲ့ကို ဆန့်ကျင်ခဲ့သလို ဖက်ဆစ်ကိုလည်း တွန်းလှန်တိုက်ထုတ်ခဲ့သည့် သမိုင်းဝင်မြို့ ဖြစ်ခဲ့ပါသည်။ [လွိုင်လင်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့် လေ့လာပြုစုသောမှတ်တမ်းနှင့် သမိုင်းပညာရှင် စာရေးဆရာ သိန်းသန်းထွန်း (ဘယ်ပန်းချီရေးလို့မမီ) ပြုစုသော မှတ်တမ်းများ]

ယင်းသမိုင်းဝင်မြို့သည် လွတ်လပ်ရေး၏သည်မှာဘက်ကာလများတွင် ဖွံ့ဖြိုးမှုပီပြင်လာသင့်သော်လည်း မပီပြင်ခဲ့ဘဲ အထွေထွေကျဆင်းမှုနှင့် ကြုံခဲ့ရပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ခရိုင်မြို့ကြီးများနှင့် အလှမ်းကွာနေခြင်းအပြင် အထူးသဖြင့် သောင်းကျန်းသူများ ခိုအောင်းမှုထူပြောခြင်းတို့ကြောင့် နယ်မြေခံလူထုမှာ ဗဟုသုတ အကြားအမြင်များ ကျဉ်းကျုံ့လျက် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ကြရပါသည်။

ယနေ့တပ်မတော်အစိုးရလက်ထက် ရောက်လာမှသာ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း နယ်စပ်မျဉ်းများအထိ ငြိမ်းချမ်းရေး ခေတ်သစ်တစ်ခေတ် တည်ဖြစ်တောက်ပစေနိုင်ခဲ့သောကြောင့် ရှမ်းပြည်နယ် တစ်ခွင်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်ကာ ကျေးသီး(မန်စံ)မြို့မှာလည်း ဖွံ့ဖြိုးမှု အရိုန်မြင့်လာခဲ့ရပါသည်။

အထူးအားဖြင့် ပင်လုံဂုဏ်ပြု လွိုင်လင်ခရိုင်တစ်ခုလုံးကို အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်က အမြော်အမြင်ကြီးမားစွာနှင့် စေတနာထက်သန်စွာ လမ်းညွှန်မှု ပေးခဲ့ပြီးနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ကိုယ်တိုင် ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးသို့ လာရောက်ကာ မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အရေးရေးအရာရာတို့ကို မြင့်မားအောင် ဖြည့်ဆည်းပေးခဲ့သည်တွင် ကျေးသီး(မန်စံ)မြို့သို့ ရောက်ရှိသည့် ၁၀-၈-၂၀၀၂ ရက်စွဲကိုမူ မြို့နယ်သားအားလုံးတို့က လွမ်းတသသ သတိတရ ရှိနေကြပါကုန်၏။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)နှင့်တကွ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအဖွဲ့သည် သက်တော်ရှည်ဆရာတော်ကြီး သက်တော်(၉၉)၊ သိက္ခာတော်(၇၉)ရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝန သီတင်းသုံးရာ နှစ်မိုင် ဝပ်ပေါင်ကျောင်းသို့ သွားရောက်ဂါရဝပြုခြင်း၊ ကျောင်းပြန်လည်ပြုပြင်ရန် နိုင်ငံတော်အစိုးရ၏ မတည်အလှူငွေ ကျပ် ၁၀ သိန်း လှူဒါန်းခြင်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ရပခအလှူငွေကျပ် ငါးသိန်းလှူဒါန်းခြင်း အပါအဝင် အဖွဲ့ဝင်များ၏ စုပေါင်းအလှူငွေ ၂၆ သိန်း၊ ငါးသောင်း လှူဒါန်းပူဇော်ကြကာ ထိုမှ မြို့နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုဖြည့်ဆည်းခြင်း၊ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုလျက် သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများဖြစ်သော ကွန်ပျူတာတစ်ခု၊ ရုပ်သံဖမ်းစက်၊ ဗီဒီယိုပြစက်၊ ကက်ဆက်၊ နာရီစသည်တို့ကို ဖြည့်ဆည်းပေးအပ်ခြင်းတို့အပြင် မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံလျက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခုနိုင်ငံတော်ဝန်ကြီးချုပ်)က အမှာစကား ပြောကြားကာ မျက်စိနှင့်နား ဖွင့်ပေးခဲ့ခြင်းဖြင့် ဘက်စုံထောင်စုံ မြင့်ပေးခဲ့လေ၏။

မြင့်အားကြောင့် မြင့်မားလာနေသော ယနေ့ကျေးသီး(မန်စံ) ဒေသခံတိုင်းရင်းသားများထဲမှ ပညာရေးကို ခေတ်မီစွာ သင်ယူနေနိုင်ပြီဖြစ်သော အထက်တန်းကျောင်းသား၊ ကျောင်းသူများ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် ပင်လုံတက္ကသိုလ်ကြီးတို့၌ တက်ရောက် ပညာသင်ယူနေသူများ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် သွားရေးလာရေး၊ ရောင်းဝယ်ရေး အဆင်ပြေကာ ဥစ္စာခနကြွယ်ဝလာသူများ စသည်စသည်တို့ဖြင့် ဝင့်ဝင့်ကြွားကြွား ဖြစ်ထွန်းနေပါလေပြီ။

(ဃ)

ယင်းကျေးသီး(မန်စံ)မြို့နယ် ဒေသခံတိုင်းရင်းသားတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးရန်အလို့ငှာ ယခု အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းရောက်ရှိလာသောအခါ မြို့ခံတို့က အားရဝမ်းသာ ကြိုဆိုကြပါသည်။ အထူးကုဆရာဝန်ကြီးများအဖွဲ့ ခရီးရောက်မဆိုက်ပင် နှစ်မိုင် ဝပ်ကျောင်း သက်တော်ရှည်ဆရာတော်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြလျက် ကျန်းမာရေးစစ်ဆေးကာ လိုအပ်သောဆေးဝါးများ လှူဒါန်းခဲ့ကြပြီး မြို့နယ်ဆေးရုံ၌ အသင့်စောင့်ဆိုင်းနေကြသည့် လူနာများကို ကျန်းမာရေး စစ်ဆေးကုသပေးကြပါ၏။

အထူးကုဆရာဝန်ကြီးများ ရောက်ရှိလာခိုက် သာမန်ကျန်းမာနေသူများပင် နားကျပ်ဖြင့် အထောက်ခံချင်၊ သွေးတိုင်းကိရိယာဖြင့် အတိုင်းခံချင်၊ **ဘာမှမဖြစ်ဘူး၊ ကျန်းမာတယ်** ဟူသောစကား ကြားချင်နေကြသဖြင့် အထူးကုဆရာဝန်ကြီးများမှာ စာနာစွာနှင့် စိတ်ရှည်စွာ စမ်းသပ်ပေးနေကြရသည့်အတွက် လက်မလည်နိုင်အောင် ဖြစ်ကာ မိုးစုံးစုံးချုပ်သည်အထိ လူများပုံကျန်ရစ်နေသေးသောကြောင့် အရေးမကြီးသူတို့ကို နောက်ရက်သို့ချိန်းဆို၍ နောက်ရက်မှာလည်း လက်မလည် စစ်ဆေးကုသပေးကြရာ နှစ်ညအိပ်ခရီး ဇယားချုပ်လိုက်သောအခါ ဤသို့ စာရင်းထွက်လာ၏။

အထူးကုဆရာဝန်ကြီးများ အဖွဲ့ခေါင်းဆောင် ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း ဦးဆောင်လျက် သမားတော် ဒေါက်တာအေးအေးမူက အထွေထွေလူနာ ၁၀၀၊ ကလေးအထူးကု ဒေါက်တာခင်နီလာဝင်းက ကလေးလူနာ ၉၂ ဦး၊ သားဖွားမီးယပ်အထူးကု ဒေါက်တာချိုမာကျော်က ယင်းလူနာ ၃၅ ဦး၊ ခွဲစိတ်အထူးကု ဒေါက်တာဝင်းနိုင်နှင့် မေ့ဆေးဆရာဝန် ဒေါက်တာအောင်ကျော်မိုးတို့က ခွဲစိတ်လူနာ ၂၇ ဦး၊ သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာခွန်အောင်မြင့်က ယင်းလူနာ ၂၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဒေါက်တာသီဟမောင်က ယင်းလူနာ ၃၅ ဦး စုစုပေါင်း လူနာ ၃၁၆ ဦးတို့အား ကုသမှုပေးနိုင်ခဲ့လေ၏။

အထူးကုဆရာဝန်ကြီးများအဖွဲ့က အချိန်တိုအတွင်း ထက်ထက်မြက်မြက် တက်တက်ကြွကြွ ကုသပေးနိုင်ခြင်းကြောင့် ဒေသခံလူထုမှာ ကျန်းမာခြင်းလာဘ် ရင်မှာအပ် အထပ်ထပ်ဝမ်းသာမဆုံး ရှိနေကြတော့၏။

ဤခရီးဝယ် ထူးခြားလူနာတစ်ဦးကို တွေ့ကြရ၏။ မြို့နှင့်လေးမိုင်အကွာ မန်ပကျေးရွာနေ ပလောင်တိုင်းရင်းသူ ကလေးသုံးဦးမိခင် မအိကူး အငယ်ဆုံးကလေး ဖွားမြင်ပြီး ငါးလခန့်မှစ၍ ဝမ်းဗိုက်တစ်ပြင်လုံး ဖြည်းဖြည်းချင်း ပူတက်လာ၊ စူထွက်လာလျက် သန္ဓေသားလား၊ ဘေလုံးလား၊ လေလုံးလား ကွဲကွဲပြားပြား ခွဲခွဲခြားခြား မပိုင်းခြားနိုင်ဘဲ တစ်နေ့တခြား ကြီးမားဖောင်းတက်လာသော ရောဂါဆန်း၊ လူနှင့်မလိုက်သောဗိုက်ကို သယ်မလှုပ်ရှားနေရခြင်းကပင် မြင်ရသူအပေါင်းအတွက် မသက်မသာ ရှိဘိ၏။ ဤရောဂါ၏ဇစ်မြစ်ကို ရှာဖွေနိုင်ဖို့ အာထရာဆောင်းရိုက်ခြင်း စသည်ဖြင့် တိကျစွာစိစစ်ရမည် ဖြစ်သောကြောင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများအဖွဲ့ အပြန်တွင် ရောဂါသည် ဇနီးမောင်နှံနှစ်ဦးကို လွိုင်လင်ဆေးရုံကြီးသို့ ခေါ်ဆောင်လာခဲ့ပါတော့သည်။

လွိုင်လင်ဆေးရုံကြီးရောက်၍ ကိရိယာအစုံအလင်ဖြင့် ရောဂါဇစ်မြစ်ရှာဖွေသောအခါ အဖြေမှာ ဝဲဘက် သားဥအိမ်၌ အရည်လုံးတစ်လုံး ဖြစ်ပွားနေသဖြင့် ယင်းအရည်လုံးကြောင့် ဗိုက်တစ်ပြင်လုံး စူထွက်လာနေခြင်းဖြစ်ရာ ယင်းကို ခွဲစိတ်ဖယ်ထုတ်ရမည် ဖြစ်၏။ ထို့ကြောင့် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက ဗိုက်ခွဲ၍ အရည်လုံးကြီးကို ဖယ်ထုတ်ရင်း အရည်လေးလီတာခန့်နှင့် အသားစအချို့ကို ပြည်နယ်ဆေးရုံကြီးသို့ ပေးပို့၍ ကင်ဆာဆဲလ်များ ရှိ၊ မရှိ စစ်ဆေးစေခဲ့ရာ အဖြေမှာကင်ဆာဆဲလ်များ ရှိနေသည်ဟု ဖြစ်၏။

ထို့ကြောင့် ဒုတိယအကြိမ် ထပ်မံ၍ဗိုက်ကိုဖွင့်ကာ ယာဘက်သားဥအိမ်ကိုရော သားအိမ်နှင့် ဝမ်းမြှေးအချို့ကိုပါ ကင်ဆာဆဲလ်များ ကုန်စင်အောင် ဖြတ်ခွဲဖယ်ခြစ် ထုတ်ပစ်ပေးခဲ့ရပြန်ပါသည်။ ဤသို့ ရောဂါကုန်စင်အောင် မကြွင်းမကျန် ကုသနိုင်ရေးအတွက် အမျိုးမျိုးအဖုံဖုံ စမ်းသပ်စစ်ဆေးရမှု၊ အဖြေအားလျော်စွာ အဆင့်ဆင့် အကျော့ကျော့ ကုသရမှု၊ အချိန်စောင့်ရမှု၊ လူနာအားရှိအောင် စောင့်ရှောက်ရမှုတို့ကို အထူးကုဆရာဝန်ကြီးများက စိတ်ရှည်စွာ စာနာစိတ်အပြည့်ဖြင့် ဖြည့်ဆည်းပေးခဲ့ကြခြင်းကြောင့် လူနာမှာ တစ်လအတွင်း လူကောင်းပကတိ ပြန်ဖြစ်လာလေ၏။ ဤအကြောင်းအရာတို့ကို တစ်ဆင့်စကား တစ်ဆင့်နား ကြားသိကြရသည့် မြို့ခံစေတနာရှင်များကလည်း ရောဂါသည်နှင့် ခင်ပွန်းတို့အတွက် အစားအသောက်များ၊ အဝတ်အထည်များ စသည်ဖြင့် တတ်အားသမျှ ကူညီအားပေးကြပါ၏။

ဤကုသမှု၏ စရိတ်စကသည် ရန်ကုန်၊ မန္တလေးလို မြို့တော်ကြီးများ၌ဆိုလျှင် အနည်းဆုံး ငါးသိန်းကုန်ကျမည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ဆိုလျှင် (ဥပမာ–စင်ကာပူ) ၁၀ သိန်း ကုန်ကျမည်။ ယခု ပင်လုံဂုဏ်ပြု လွိုင်လင်အထူးဖွံ့ဖြိုးရေး ဒေသကြီးဖြစ်နေသောကြောင့် တစ်သိန်းခွဲခန့်မျှသာ ကုန်ကျသည်။ ယင်းကုန်ကျစရိတ်ကို ခရိုင်ဥက္ကဋ္ဌကြီး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များက မျှ၍ကျခံပေးကြသည့်ပြင် လွိုင်လင်သားတို့ကလည်း ဝိုင်းဝန်းကူညီထောက်ပံ့ကြပါသည်။ ကူညီထောက်ပံ့ကြရာ၌ ငွေကြေးအားဖြင့် ရောင်နီဦးစားသောက်ဆိုင်ပိုင်ရှင် မိခင်ဒေါ်ခင်ခင်အားအမှူးထား၍ ဦးကျော်လွင်–ဒေါ်နန်းလှလှဝင်းမိသားစုက ကျပ်ငွေ ငါးသောင်းလှူဒါန်းကြောင်း သိရှိရပါ၏။

ယင်းစေတနာရှင် ဒေါ်ခင်ခင်(ရောင်နီဦး)သည် ဤအရှင်တို့ တပ်ဦးရတနာစည် စာသင်တိုက်၌ စစ်ဆင်ရေးကွပ်ကဲရေးမှူးက နာယက၊ စစ်ဦးစီးမှူး(ပ)က ဥက္ကဋ္ဌ၊ ဌာနချုပ်တပ်ခွဲမှူးက အတွင်းရေးမှူးအဖြစ် သာသနာရေးကိစ္စများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွဲ့စည်းထားအပ်သော ရတနာစည်အနုဂ္ဂဟအဖွဲ့၏ ဆွမ်း၊ ကွမ်းချက်ပြုတ်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်ကာ ဒေါ်ကြည် (ကျောင်းအမ)၊ ဒေါ်သန်းတင်(မိသားစုစားသောက်ဆိုင်)၊ ဒေါ်မွေးမွေး (ဆန်းညွှန့်ဓာတ်ပုံ)၊ ဒေါ်ရွှေတင်(မောရွှေပြည်)၊ ဒေါ်ရီလှျံ(ရီသျှမ်းစားသောက်ဆိုင်) တို့နှင့်အတူ ကျောင်းတိုက်ဘာသာရေးပွဲတော်များဝယ် စေတနာထက်သန်စွာ ဆောင်ရွက်လျက်ရှိသူဖြစ်သောကြောင့် ဤအရှင်တို့က ဝိသေသ သာဓုသြဘာ ပြုအပ်ပါသည်။

(င)

နိုင်ငံတော်အစိုးရက ဒေသခံတိုင်းရင်းသားတို့အကျိုးငှာ ကြီးမားသော စေတနာဖြင့် လိုရာရာဖြန့်ကြက် ဖြည့်ဆည်းပေးထားပြီ။ ကျပ်ငွေ သိန်းပေါင်း သောင်းချီတန်သော ခံ့ညားခိုင်ခံ့သည့်အဆောက်အအုံများ ပြည့်စုံစွာ တည်ဆောက်ပေးထားပြီ။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကလည်း ဝါသနာ၊ စေတနာ၊ အနစ်နာ၊ အကြင်နာ၊ စာနာဟူသော နာငါးနာအရည်အသွေးပြည့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များကို လိုအပ်သလို စေလွှတ်ပေးထားပြီ။ တန်ဖိုးကြီးမားလှစွာသော ကိရိယာတန်ဆာပလာ ပစ္စည်းပစ္စယအစုံစုံ အတတ်နိုင်ဆုံး ဖြည့်အပ်ပေးထားပြီ။ ဒေသသားတို့ကကော ဘာမျှမစိုက်ထုတ်တော့ပြီလော။

စိုက်ထုတ်ကြပါ၏။ တတ်နိုင်သမျှ ကူညီအားပေးကြပါ၏။ အုတ်တစ်ချပ်ရေတစ်မှုတ် အားထုတ်ကြပါ၏။ လွိုင်လင်ဇာတိသား အခြားဒေသများ၌ အခြေကျ ကြီးပွားနေသူတို့ကလည်း ကိုယ့်ဇာတိ ပြန်ကြည့်ကြပါကုန်၏။ လွိုင်လင်ပဝတ္တိ သား ကြီးပွားချမ်းသာနေသူတို့ကလည်း ကိုယ်အထွာနှင့်ကိုယ် ကုသိုလ်ဒါန ဖြည့်ဆည်းနေကြပါကုန်၏။

(ဦးညီပု)–ဒေါ်ရွှေပွင့်အားအမှူးထား၍ ဦးသန်းရွှေ–ဒေါ်ခင်ဝင်းမိသားစုက ကျပ်ငွေခုနစ်သိန်းခြောက်သောင်း တန်ဖိုးရှိ အောက်စီဂျင်ထုတ်ပေးစက်လှူဒါန်းမှု၊ ဦးဇော်မိုး–ဒေါ်နန်းရွှေဝါမိသားစုက ကျပ်ငွေ ခုနစ်သောင်း တန်ဖိုးရှိ မွေးကင်းစကလေးများအတွက် အသုံးပြုသည့် ချွဲစုပ်စက် လှူဒါန်းမှု၊ (ဦးထွန်းဖေ)–ဒေါ်ငွေတင်နှင့် ဦးစိုင်း–(ဒေါ်ညိုအေး) မိသားစုတို့က ကျပ်ငွေခြောက်သောင်း တန်ဖိုးရှိ နား၊ နှာခေါင်း၊ လည်ချောင်းလူနာများအတွက် အသုံးပြုသည့် ချွဲစုပ်စက်လှူဒါန်းမှု၊ မြို့ခံစေတနာရှင်များက အချိန်အခါအလျောက် ရပ်ဝေးလူနာများအတွက် အဝတ်အထည်များ၊ အစားအစာများ လှူဒါန်းမှုစသည်- - -။

သို့ဖြင့် နိုင်ငံတော်အစိုးရ၏စေတနာ၊ ဆရာဝန်တို့၏ပညာ၊ မြို့ခံတို့၏သဒ္ဓါ အပေါင်းလက္ခဏာ ထွန်းနေသမျှ ကာလပတ်လုံး လွိုင်လင်ဆေးရုံကြီးသည်လည်း ထီးထီးမားမား ငွားငွားစွင့်စွင့် သတင်းပွင့်နေမည်သာ ဖြစ်ပေရာ လွိုင်လင်သားတို့၏ ဤစကားကလည်း ကြွားလုံးမဟုတ်သော သရုပ်မှန် ကထာအဖြစ် ထွန်းသစ်လွှင့်ပျံ့နေမည်သာ ဖြစ်ပါသတည်း။

ရောဂါလား––––လွိုင်လင်ဆေးရုံကြီးရှိနေတယ်။ ။

မိုးကုတ် ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၄

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကျူတမာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၂၁၃ ၌ တော်သလင်းလဆန်း ၇ရက်မှ လပြည့်ကျော် ၁ရက်ထိ စမ်းချောင်းမြို့နယ် မိုးကုတ်ရိပ်သာ မဏိရတနာကျောင်း ဆရာတော် အရှင်ပညာဇောတနှင့် မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ရိပ်သာ ပုပ္ဖားသုံးကျောင်း ရှေဦးဆရာတော် အရှင်နန္ဒာသီရိတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုဟာ ဘယ်လိုသက်ရောက်မလဲ (၅)

အောင်မိုးစံ

ဒီကနေ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ အစိုးရတွေဟာ သူတို့အလိုကျဖြစ်ဖို့အတွက် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတွေ အကြောင်းပြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူမှုများနဲ့ စစ်ရေးအရ အကျပ်ကိုင် ဖိအားပေးမှုများ တိုးမြှင့်လုပ်ဆောင်လာနေပါတယ်။ အထူးသဖြင့် အမေရိကန်အစိုးရဟာ နိုင်ငံတကာ ဥပဒေတွေပါ ချိုးဖောက်လာနေပါတယ်။ ဒီလုပ်ရပ်တွေကြောင့် ခေတ်ဟောင်း နယ်ချဲ့စနစ်သို့ ပြန်ဦးလှည့်နေသလားဆိုပြီး နိုင်ငံတကာက သတိပြုစရာဖြစ်လာပါတယ်။ ဘာကြောင့် အခုလို ဒီစက်မှုအရင်းရှင်နိုင်ငံတွေမှာ ဖြစ်လာရတယ်ဆိုတာကို ဆန်းစစ်အဖြေရှာဖို့လိုပါတယ်။ ခေတ်သစ် သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားနဲ့ အဖြေရှာကြည့်တဲ့အခါ ဒီနိုင်ငံများတွင် စက်မှုအရင်းရှင်လူတန်းစားအပေါ် မြေရှင်လူတန်းစားက ငြိမ်းချမ်းတဲ့ ဥပဒေအတွင်းနည်း၊ ပါလီမန်အတွင်းနည်းများနဲ့ အာဏာသိမ်းယူပြီး စည်းမျဉ်းခံ မြေရှင်စနစ် (Constitional Landlordism) ထူထောင်လာလို့ ဖြစ်ပါတယ်။

စက်မှုအရင်းရှင်နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ (ဖားတစ်ပိုင်း ငါးတစ်ပိုင်း) မြေရှင်တစ်ပိုင်း၊ အရင်းရှင်တစ်ပိုင်း ဖွဲ့စည်းပြဋ္ဌာန်းထားတဲ့အတွက် မြေရှင်စနစ် လွှမ်းမိုးကြီးစိုးလာလို့ အခုလိုဖြစ်ရပုံကို အရင်ဆောင်းပါးမှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရင်းရှင်လူတန်းစားရဲ့ လုပ်အားမှာသာ တန်ဖိုးရှိတယ်။ Labour Theory of Value ဆိုတဲ့ တရားစစ်အပေါ် သဘာဝမှာလည်း တန်ဖိုးရှိတယ်။ Nature Theory of Valueဆိုတဲ့ မြေရှင်တရားတုက အနိုင်ယူ လွှမ်းမိုးလာလို့ ဖြစ်ပါတယ်။ တန်ဖိုးဟူသမျှ အလုပ်က ဖန်တီးတယ်ဆိုတဲ့ အရင်းရှင်စနစ်ရဲ့ လုပ်အားဇာတိဇာစ်မြစ် သဘောတရားအရ တန်ဖိုးဆိုတာ ရုပ်ဝတ္ထုတစ်ခုမှာ လူ့လုပ်အား ဘယ်လောက်ပါဝင်တယ်ဆိုတာကို ဖော်ပြတာဖြစ်ပါတယ်။ ဒီအပေါ် လူလုပ်အားမပါလို့ တန်ဖိုးဖြတ်မရတဲ့ (ရေ၊ မြေ၊ လေ၊ မီး) သဘာဝမှာလည်း တန်ဖိုးရှိတယ်ဆိုတဲ့ (မြေခယူ) မြေရှင်စနစ် လွှမ်းမိုးလာခဲ့တယ်။ လူဦးရေအကန့်အသတ်မရှိ တိုးလာတဲ့အတွက် မြေဈေးတွေ အကန့်အသတ်မရှိ တက်လာပြီး အနောက်ဥရောပမှာ လန်ဒန်မြေတစ်ပေပတ်လည် ဒေါ်လာနှစ်သောင်းအထိ ဖြစ်လာတယ်။ အာရှမှာ တိုကျိုမြေ ပို့စကတ်အရွယ် ဒေါ်လာလေးထောင်ဝန်းကျင် ဖြစ်လာတယ်။ အဲဒီလို အင်္ဂလန်တစ်နိုင်ငံလုံး မြေတွေ အနောက်ဥရောပတစ်ခုလုံး သန်းပေါင်းများစွာသော မြေခတွေကို ဘယ်သူပိုင်သလဲ၊ လူ့အဖွဲ့အစည်းကလည်း မပိုင်၊ အရင်းရှင်တွေလည်း မပိုင်ဘူး။ ဘာမှမလုပ်တဲ့ မြေရှင်တွေ ပိုင်ဆိုင်ခံစားနေကြရတယ်။ ဒါကြောင့် လူ့လုပ်အားခမပါတဲ့ သဘာဝမှာလည်း တန်ဖိုးရှိတယ်ဆိုတဲ့ မြေရှင်လူတန်းစားနဲ့ မြေရှင်ကိုယ်စားလှယ် အစိုးရတွေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီကနေ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းအပါနိုင်ငံတွေမှာမြေရှင်စနစ်လက္ခဏာဆိုးတွေဖြစ်တဲ့-

(၁) မြေယာလက်သီးဆုပ် မူဝါဒတွေ(Tight Fisted Land Policy)

(၂) အသပြာ လက်သီးဆုပ် မူဝါဒတွေ (Tight Fisted Money Policy)

(၃) ကုန်သွယ်စီးပွား လက်သီးဆုပ် မူဝါဒတွေ (Tight Fisted Trade Policy)

ကျင့်သုံးလာတာဖြစ်တယ်။ ဒါတွေကို အခြေခံပြီး အမေရိကန်နိုင်ငံမှာ မြေယာဧက သန်းပေါင်းများစွာ မစိုက်ပျိုးဘဲ ပလပ်ထားရအောင် အခွန်ထမ်းပြည်သူတွေရဲ့ ဘဏ္ဍာထဲက အမတော်ကြေးတွေ ပေးနေရမှု၊ သီးနှံတွေကို ခွဲတမ်းချပြီး ထုတ်ရမှု၊ တင်သွင်းရမှု၊ အတိုးနှုန်းတွေ မြင့်မားမှုနဲ့ တတိယမူဝါဒမှာ ပါဝင်တဲ့ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ် အရေးယူမှုတွေ ပိုမိုပြင်းထန်လာတယ်။

ဒီကနေ့လို ဘာလင်တံတိုင်းကြီး ပြိုကျပြီး စစ်အေးခေတ်လွန်ကာလမှာ အနောက်ဥရောပနိုင်ငံများက ကာကွယ်ရေး အသုံးစရိတ် လျော့ကျနေချိန်၊ တရုတ်နိုင်ငံက စစ်သုံးစရိတ်ကို စိစစ်ချွေတာသုံးနေချိန်၊ ရုရှားကာကွယ်ရေး ဘတ်ဂျက် အသုံးစရိတ်များ မရှိတော့တဲ့အချိန်မှာ အမေရိကန်ပြည်ထောင်စုရဲ့ စစ်သုံးစရိတ် ဘတ်ဂျက်ဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေတယ်။ ၁၉၉၀ ပြည့်နှစ်နှစ်လယ်က အမေရိကန် စစ်သုံးစရိတ်ဟာ ဒေါ်လာဘီလျံပေါင်း ၂၆၀ ရှိခဲ့ရာ ၂၀၀၂ ခုနှစ်တွင် ဒေါ်လာဘီလျံပေါင်း ၃၂၉ အထိ တိုးမြင့်လာတယ်။ ဒေါ်လာဘီလျံပေါင်း ၄၀၀ အထိ တိုးချဲ့သုံးစွဲသွားမယ်လို့ ဆိုပါတယ်။ ဒီစစ်သုံးစရိတ်ပမာဏဟာ တစ်ကမ္ဘာလုံး စစ်သုံးစရိတ်ရဲ့ ထက်ဝက်ခန့်ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီကနေ့ အရင်းရှင်စနစ် ဖျက်ဆီးခံရမှု အကျိုးဆက်အဖြစ် အမေရိကန်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွေ တုံ့ဆိုင်းနှေးကွေးလာမှု၊ အလုပ်လက်မဲ့နှုန်းနဲ့ ရာဇဝတ်မှုခင်းထူပြောလာမှု၊ နိုင်ငံတကာ အကြမ်းဖက်မှုတွေ မကြာခဏ ကြုံတွေ့လာရမှု စတဲ့ လူမှုဒုက္ခတွေ တစ်နေ့တခြား တိုးပွားဖိစီးလာနေပါတယ်။ အခုလို မြေရှင်စနစ်ဆိုးဒဏ်ကို အမေရိကန် ပြည်သူများသာမက နိုင်ငံတကာပြည်သူတွေပါ ကြုံလာနေရပါတယ်။

ဒီစနစ်ဟာ ပြည်တွင်းနဲ့ နိုင်ငံတကာအရင်းရှင်စနစ် (ဈေးကွက်စီးပွားရေး)အပေါ် အကြင်နာကင်းမဲ့စွာ ချေမှုန်းနေတဲ့ စနစ်သာဖြစ်တယ်။ လက်ဝါးကြီးအုပ်မြေရှင်စနစ်ကို အလုပ်အကျွေးပြုနေတဲ့ စနစ်သာဖြစ်တယ်။ လူမျိုးတစ်မျိုးအပေါ် လူမျိုးတစ်မျိုးက လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးတာဟာ အဲဒီလူကိုယ်တိုင်လည်း မလွတ်လပ်ဘူးဆိုတဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားနဲ့ ကြည့်မယ်ဆိုရင် အမေရိကန်မှာပေါ်ပေါက်နေတဲ့ နိုင်ငံတကာလက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေး မြေရှင်စနစ်ဟာ အမေရိကန် ပြည်သူတွေကိုပါ မလွတ်လပ်စေတာ အမှန်ပင်ဖြစ်ပါတယ်။ တစ်ချိန်က ကျူးဘားနိုင်ငံမှာ ကုန်သွယ်ဆက်ဆံနေတဲ့ အမေရိကန်ကုမ္ပဏီများကိုသာမက နိုင်ငံခြားကုမ္ပဏီများကိုပါ အဲဒီနိုင်ငံနဲ့ ကုန်သွယ်မှုပြုရင် ဒဏ်ခတ်မယ်လို့ ပိတ်ဆို့အရှိန်မြှင့်လိုက်တဲ့အခါ အမေရိကန်ကုမ္ပဏီတွေ ပိုပြီးဒေါသူပုန်ထခဲ့ကြပါတယ်။

နိုင်ငံရေးသမားတွေ သတိမေ့လျော့သွားတာကတော့ အဲဒီနိုင်ငံခြားကုမ္ပဏီတွေဆိုတာ အမေရိကန် ကုမ္ပဏီတွေနဲ့ ဆက်ဆံဖောက်သယ်လုပ်နေတယ်ဆိုတာပါပဲ။ သူတို့တွေဟာ ကျွန်တော်တို့ရဲ့ ဖောက်သည်တွေ၊ ကျွန်တော်တို့ကို ထောက်ပံ့သူတွေ အမေရိကန်မှာ ငွေရင်းမြှုပ်နှံသူတွေပဲ။ ကျွန်တော်တို့ဟာ ပက်လက်လှန်ပြီး တံတွေးထွေးတဲ့ လူတွေဖြစ်နေပါပြီ။ မိမိကိုယ်ကို မတည်ငြိမ်အားမကိုးရတဲ့ အနေအထားကိုရောက်အောင် လုပ်သလိုဖြစ်နေပြီလို့ အမေရိကန်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက ပြောခဲ့ဖူးတယ်။ အဲဒီလို တစ်ဖက်သတ် ကုန်သွယ်ရေးဒဏ်ခတ်မှုကြောင့် အမေရိကန်ပြည်ထောင်စုအနေနဲ့ တစ်နှစ်လျှင် ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာဘီလျံ ၂၀ နစ်နာဆုံးရှုံးရပြီး ပြည်ပပို့ကုန်လုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ အလုပ်အကိုင်နေရာပေါင်း ၂၅၀၀၀၀ ထိခိုက်နစ်နာတယ်လို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လေ့လာရေးဌာနက ၁၉၉၇ခုနှစ် ဧပြီလ ၁၆ ရက်နေ့ ထုတ်ပြန်ချက်မှာ ဖော်ပြခဲ့ဖူးပါတယ်။

ကမ္ဘာ့ဈေးကွက်ကြီးဟာ ကြီးမားကျယ်ပြန့် လာတာနဲ့ အမျှ ကုန်သွယ်ရေးပိတ်ဆို့ဖို့လည်း မလွယ်ကူဘဲ ဖြစ်လာပါတယ်။ ဒါပေမယ့် အမေရိကန်အစိုးရကတော့ ဒါကိုပဲ အရှိန်အဟုန် တိုးမြှင့်လုပ်ဆောင်ဆဲ ဖြစ်ပါတယ်။ ဒါ့အပြင် သူတို့ အမေရိကန်အစိုးရ ပိတ်ဆို့နေတဲ့ကြားက ကုန်သွယ်မှုလုပ်တဲ့ နိုင်ငံခြားကုမ္ပဏီတွေကိုပါ အရေးယူရေးဆိုတဲ့ ပိုမိုတင်းကျပ်သော ပိတ်ဆို့မှုတွေပင် လုပ်လာတယ်။

ဒီကနေ့မှာတော့ အမေရိကန် နိုင်ငံခြားရေးဝါဒကို ဘယ်တုန်းကမှ မဆန့်ကျင်ခဲ့တဲ့ အမေရိကန်ကုမ္ပဏီများဟာ တရားဝင်ကန့်ကွက်ဖို့ ပြင်ဆင်လာကြပါတယ်။ ပိတ်ဆို့ခံရတဲ့နိုင်ငံများက ဖောက်သည်တွေ လက်လွတ်ဆုံးရှုံးရသာမက ဒဏ်ခတ်ခံရတဲ့ နိုင်ငံခြားကုမ္ပဏီတွေ၊ နိုင်ငံခြားအစိုးရတွေရဲ့ လက်တုံ့ပြန်မှာကိုလည်း စိုးရိမ်လာကြတယ်။

အကြီးဆုံး နိုင်ငံစုံကုမ္ပဏီကြီး ၅၀၀ ကို ကိုယ်စားပြုတဲ့ နိုင်ငံခြား အမျိုးသားကုန်သွယ်ရေးကောင်စီဟာ ၁၉၉၆ ခုနှစ်ကပင် အစည်းအဝေးခေါ်ယူပြီး အမေရိကန်အစိုးရရဲ့ နောက်ဆုံးပိတ်ဆို့ အရေးယူရေး ဥပဒေများကို ဘယ်လိုတားဆီးသွားမယ်၊ လျော့ပါးအောင် ဘယ်လိုလုပ်မယ်ဆိုတာတွေကို ဆွေးနွေးလာခဲ့ကြပါတယ်။ ဒီကနေ့တိုင်လည်း ဒီအပေါ် ကြိုးပမ်းဆဲဖြစ်ပါတယ်။ ပြဿနာရဲ့ အဆုံးအဖြတ်ပေး အခန်းဟာ ပြည်တွင်းပဋိပက္ခသာဖြစ်တဲ့အတွက် စက်မှုအရင်းရှင်လူတန်းစားများ နိုးနိုးကြားကြား ဖြစ်လာပြီး ရှေ့ဆောင်အောင်ပွဲရလာတာနဲ့အမျှ အမေရိကန်လူထုရဲ့ လူမှုဒုက္ခတွေ ပြေလည်လာမယ်ဖြစ်ပါတယ်။ အလားတူပင် တစ်ဖက်မှာလည်း ပြုပြင်ရေးတွေ လုပ်နေကြတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အမေရိကန်မြေရှင် ကိုယ်စားလှယ်အစိုးရများရဲ့ အမျိုးမျိုးသော ပိတ်ဆို့တားဆီးမှု အရှိန်အဟုန်တွေလည်း ကျဆင်းပြေလျော့သွားမယ်ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှု တိုးမြှင့်လာနေတာဟာ ပြည်တွင်း၊ ပြည်ပ စီးပွားရေးတွေကို ထိခိုက်ဆုတ်ယုတ်လာစေတဲ့အတွက် ပြည်တွင်း၊ ပြည်ပရှိ ပြည်သူများ၊ အထူးသဖြင့် လုပ်ငန်းရှင်နဲ့ အလုပ်သမားများရဲ့ တုံ့ပြန်ဆန့်ကျင်မှုတွေသာ များပြားလာမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၄

ဆရာဦးခင်မောင်ဌေး ဦးစီး၍ Four Skills နှင့် Grammar သင်တန်းများ ကျောင်းချိန်၊ ရုံးချိန် လွတ်တန်းခွဲများ ပုံမှန်သင်ကြား လျက်ရှိသည်။

စုံစမ်းနိုင်

G-mat (English), TWE နှင့် SAT One,Two တို့အတွက် Grammar နှင့် Writing တို့ကို သင်ကြားလျက်ရှိသည်။ အခြေခံပညာ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်များ International NGO ဝန်ထမ်းများသည် အမှတ်(၂၃) (၃)လမ်း (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဖုန်း-၅၇၁၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကွန်ပျူတာအသုံးချ သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ခေတ်မီ Computer Network (LAN/WAN) အသုံးပြုသူများ၊ စီမံခန့်ခွဲမှု ပြုလုပ်သူများအတွက် ရည်ရွယ်၍ Network Infrastructure သင်တန်းကို တနင်္လာ၊ ဗုဒ္ဓဟူးနေ့များတွင် ညနေ ၅နာခွဲမှ ၇နာရီခွဲ၊ MS Exchange 2000 Server သင်တန်းကို စနေ၊ တနင်္ဂနွေနေ့ နံနက် ၇နာရီမှ ၉နာရီ၊ Windows XP Professional သင်တန်းကို အင်္ဂါ၊ ကြာသပတေးနေ့များတွင် နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီ၊ Internet User သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီထိ အမှတ်(၉၁/၉၃) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၉-လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ Compu Tech Computer သင်တန်းကျောင်းတွင် ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုသော အချက်အလက်များကို ဖုန်း-၂၉၉၅၃၉သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငွေပင်လယ်ဂျာနယ် ၁၅ ရက်တစ်ကြိမ် ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ဝေသော စာရေးဆရာ တပ်မတော် မင်းရဲထွန်း၊ သန်လျင်မောင်မောင်ဦးတို့ စီစဉ်သော ငွေပင်လယ်ဂျာနယ်အမှတ်(၁)ကို အမှတ်(၄၆၀) ကုန်သည်လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့် ဗိုလ်တထောင်မြို့နယ်က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

အင်္ဂလိပ်ဘာသာ သင်တန်းများ ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၄

Forward Language Centre တွင် ဆရာမ ဒေါ်ညွန့်ညွန့်ဝင်း B.A (English) M.Phil, M.A က တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့ရပြီးလုပ်ငန်းခွင်ဝင်လိုသူများ အတွက် အရေး၊ အကြား၊ အပြော၊ အဖတ် General English Proficiency Couses များကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

စိတ်ပါဝင်သူများသည် ဖုန်း-၂၂၇၀၈၂သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ် (အင်္ဂလိပ်စာ) (ခ)တတိယနှစ် (မြန်မာစာ)
- ၅:၃၅ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၁၂)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၆)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း အိန္ဒိယရေတပ်မတော် ဦးစီးချုပ်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၄

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၏ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral, Madhvendra Singh (PVSM, AVSM, ADC) ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလှည့်လည်ရန် ယနေ့မွန်းလွဲ၂နာရီ မိနစ်၄၀တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

ကြိုဆို

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ရေတပ်သင်္ဘောကျောင်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Rajiv Kumar Bhatia ၊ စစ်သံမှူး Colonel, Shakti Gurung နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral, Madhvendra Singh (PVSM, AVSM, ADC) သည် လေယာဉ်ပေါ်မှ ဆင်းသက်ပြီးနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမသို့သွားရောက်ကြပြီး အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral, Madhvendra Singh (PVSM, AVSM, ADC)နှင့်ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး မွန်းလွဲ၁နာရီ ၅မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အမှတ်(၁)တပ်မတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

တွေ့ဆုံနှုတ်ဆက်

ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral, Madhvendra Singh (PVSM, AVSM, ADC)နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ဓေယျာသီရိဗိမာန်သို့ သွားရောက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း အား တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ယာပုံ)**

ထိုသို့တွေ့ဆုံရာသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းနှင့်အတူစစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ရေတပ်သင်္ဘောကျောင်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Rajiv Kumar Bhatia နှင့် စစ်သံမှူး Colonel, Shakti Gurung တို့ တက်ရောက်ကြသည်။



အဆိုပါ တွေ့ဆုံနှုတ်ဆက်ရာ ရေတပ်မတော်မှ Chairman Chi of Navel Staff Indian Navy Ad AVSM, ADC)နှင့် ကာကွယ် ကြည်မင်းတို့သည် ချစ်ကြည်ရေးခ အပြန်အလှန်ပေးအပ်ကြသည်။

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးတွင် ထိပ်ဆုံးကရပ်တည် လက်ရှိဒေသဖြစ်ပေါ်တိုးတက်မှုများအပေါ်တင်းတိမ်မနေဘဲ ပိုမိုတိုးတက်ရန်ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၄

ဧရာဝတီတိုင်း ဖျာပုံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးခင်မောင်လတ် လိုက်ပါလျက် စက်တင်ဘာ ၃ရက် နံနက် ၇နာရီခွဲတွင် ဖျာပုံမြို့ နယ်မြေခံတပ်ရင်းသို့သွားရောက်ပြီး အရာရှိ၊စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာ အမှာစကားပြောကြားကြသည်။

ဖျာပုံတံတားစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်းနှင့် ခရိုင်အဆင့် တာဝန်ရှိသူများလိုက်ပါလျက် ဖျာပုံမြို့မှ ဒေးဒရဲဘက်ကမ်းသို့ ဇက်ရေယာဉ်ဖြင့် ဖျာပုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ရေလယ်တိုင်များ စိုက်ထူမည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖျာပုံတံတားသည် ဖျာပုံမြစ်ကိုဖြတ်၍ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာနှင့် ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ပေးမည့် အရှည် ၃၈၃၂ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီပါဝင်မည့် တံတားဖြစ်သည်။ တံတား၏အပေါ်ထည်မှာ သံမဏိပေါင်နှင့် သံမဏိရက်မ၊ အောက်ခြေမှာ သံကူကွန်ကရစ်တိုင်နှင့် အုတ်မြစ်မှာ(R.C.D)ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ ပင်မတံတားရေလမ်း ကင်းလွတ်နယ်မြေသည် အကျယ် ၂၆၅ပေ၊ အမြင့် ၃၆ပေဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ဖြစ်သည်။ ယင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူ ဆောက်လုပ်လျက်ရှိသည်။ အဆိုပါတံတားတည်ဆောက်ပြီးစီးသွားပါက ရန်ကုန်မြို့မှ ဖျာပုံမြို့နှင့် ဘိုကလေးမြို့တို့သို့လည်းကောင်း၊ မြန်မာပြည်တောင်ဘက်ဖျား ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ကမာကလူ၊ ကျုံကဒွန်း၊ ဆိပ်မ၊ အမာ မြို့ရွာများသို့လည်းကောင်း အတိုဆုံးခရီးဖြင့် သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမသို့ သွားရောက်ပြီး ဖျာပုံခရိုင်နှင့် ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံကာဒေသဖွံ့ဖြိုးရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေးသည် အဓိကကျကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထို့အတူ သားငါးမွေးမြူထုတ်လုပ်ရေး ကဏ္ဍတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍတို့တွင် ထိပ်ဆုံးကရပ်တည်လျက်ရှိသဖြင့် စီးပွားရေးတွင် နိုင်ငံတော်က အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း၊ထို့ကြောင့် ဧရာဝတီတိုင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသူများနှင့် တိုင်းအတွင်းနေထိုင်ကြသူများသည် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရန်ဆောင်ကြဉ်းပေးနေသည့် စွမ်းအားရှင်များဖြစ်ကြကြောင်း၊ ထို့ကြောင့် လက်ရှိဒေသအလိုက်ဖြစ်ပေါ် တိုးတက်နေမှုများအပေါ် ကျေနပ်တင်းတိမ်မနေကြဘဲ ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

စပါးခွဲလှောင်စာအင်ဂျင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖျာပုံ–ကျိုက်လတ် လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် သာယာဝဲကျေးရွာအနီး ကျိုက်လတ်–မအူပင် ကားလမ်းဘေးရှိ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ စပါးခွဲလှောင်စာဓာတ်ငွေ့သုံး နွေစပါး ရေတင်လုပ်ငန်းသို့ ရောက်ရှိကြပြီး စပါးခွဲလှောင်စာဓာတ်ငွေ့သုံးရေတင်စက်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စပါးခွဲလှောင်စာဓာတ်ငွေ့သုံးအင်ဂျင်စက်သည် တစ်နာရီ စပါးခွံ ၁၀တင်း သုံးစွဲပြီး ရေဂါလန်ကိုးသောင်းကို အမြင့်ခြောက်ပေအထိ ရောက်အောင်တင်ကာ လယ်မြေဧက ၁၀၀ကို နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်ကြောင်းနှင့် ကျေးရွာများသို့ ၄၀ ဝပ် မီးချောင်း ၇၅၀ထွန်းနိုင်ရန် လျှပ်စစ်မီး ဖြန့်ဝေပေးနိုင်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်–ကျိုက်လတ်လမ်း မိုင်တိုင်(၃/၆)ရှိ မအူပင်–ကျိုက်လတ်လမ်း ဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိုးရာသီတွင် မူလလမ်းကိုမပျက်စီးအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ပွင့်လင်းရာသီရောက်သည်နှင့် လမ်းလုပ်ငန်းပိုင်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရေး မှာကြားသည်။

စိုက်မွေးစခန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မအူပင်မြို့နယ် မဲဇလီ–မလက်တိုကားလမ်းဘေးရှိညောင်တုန်းကျွန်းရေနက်ကွင်းဒေသ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန၏ မအူပင်စိုက်ပျိုးမွေးမြူရေးစခန်းသို့ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များအား မအူပင်စိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ကုမ္ပဏီများနှင့် အဖွဲ့အစည်း ၂၅ခုတို့မှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုတို့ကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မှာကြားရာတွင် နိုင်ငံတော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားမဏ္ဍိုင်ပြု၍ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ဖြစ်ရာ မြေသယံဇာတ၊ ရေသယံဇာတ အသင့်ရှိပြီးဖြစ်သည့် မအူပင်ခရိုင်အတွင်းရှိ ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသောဌာနများနှင့် ကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် မိမိတို့တာဝန်ယူရသော ဒေသအလိုက် လုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၌ ရေချိုငါးကန်ဧကတစ်သိန်းသုံးသောင်းကျော်ရှိရာ ဧရာဝတီတိုင်းက ဧကခြောက်သောင်းကျော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းအတွင်း၌ မအူပင်ခရိုင်က အများဆုံးတူးဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ဧကနှစ်သောင်း ထပ်မံဖော်ထုတ်ရန်လျာထားသတ်မှတ်ထားရာ မအူပင်ခရိုင်က ညောင်တုန်းကျွန်း၊ စံကင်ကျွန်းတို့သည် သဘာဝအလားအလာကောင်းများရှိသဖြင့် အဓိကထား ဖော်ထုတ်လုပ်ကိုင်ကြရန် မှာကြားလိုကြောင်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ဌာနဆိုင်ရာများက အကူအညီပေး ဆောင်ရွက်ရေး မှာကြားသည်။

မွေးမြူထား

အဆိုပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မအူပင်စိုက်ပျိုး မွေးမြူရေးစခန်းသည် ဧက ၃၆၂၀ကျယ်ဝန်းပြီး မြေ ၈၂၇ဧက၌ ငါးကန် ၁၀၄ကန် ဖော်ထုတ်ကာ ငါးမြစ်ချင်း၊ငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးခေါင်းပွ၊ ငါးတန်များကို မွေးမြူထားလျက်ရှိရာ အမှတ်(၁) ငါးမွေးမြူရေးလုပ်ငန်း၌ ငါးကောင်ရေ ၈၉၀၉၄၃ကောင်၊ အမှတ်(၂) ငါးမွေးမြူရေးလုပ်ငန်း၌ ငါးကောင်ရေ ၁၁၂၄၇၄၇ကောင်၊ အမှတ်(၃) ငါးမွေးမြူရေးလုပ်ငန်း၌ ငါးကောင်ရေ ၄၄၉၃၉၃ကောင် မွေးမြူထားရှိသည်။

ဘဲမွေးမြူရေး

ဘဲမွေးမြူရေးလုပ်ငန်းတွင် ဘဲခြံငါးခြံ၌ ဘဲ ၁၀၃၃၆ကောင် မွေးမြူထားလျက်ရှိပြီး နေ့စဉ်ဘဲဥ ၃၅၀၀ ထွက်ရှိလျက်ရှိရာ ရန်ကုန်မြို့သို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ပုစွန်အနေဖြင့် တစ်ကန်လျှ နှစ်ဧကရှိ ကန်လေးကန် ရှစ်ဧကဖေ ထုတ်ပြီး ပုစွန်ကောင်ရေ ၁၅၀၀၀၀ကို မွေးမြူထားရှိလျက် ရှိကြောင်းနှ ဝက်မွေးမြူရေးလုပ်ငန်းအနေဖြ ဝက်ကောင်ရေ ၁၈၉ကောင် မွေးမြ ထားရှိပြီး ဝက်ကောင်ရေ ၄၀၀အထ တိုးချဲ့မွေးမြူသွားမည်ဖြစ်ကြောင် သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီ ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင် စိုက်ပျိုးမွေးမြူရေးစခန်းမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြ ရာ ညပိုင်းတွင် ရန်ကုန်မြို့သို ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၃ခုနှစ် စက်တင်ဘာ၁၀ရက်မှ စက်တင်ဘာ ၁၄ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၀၅ပေခန့်မှ ၂၀ဒသမ၄၄ပေခန့် အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။

(သတင်းစဉ်)



အဆိုပါ တွေ့ဆုံနှုတ်ဆက်ရာတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်မတော်မှ Chairman Chiefs of Staff Committee and Chief of Navel Staff Indian Navy Admiral, Madhvendra Singh (PVSM, AVSM, ADC)နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်းတို့သည် ချစ်ကြည်ရေးခရီးစဉ် အထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✧ **ရေးချောင်းတံတားမှ**

ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့များကို တာဝန်ပေး၍ ဒေသခံပြည်သူတို့အတွက် မုတ္တမနှင့် မော်လမြိုင် ဆက်သွယ်သည့် ကားနှင့်ရထား နှစ်မျိုးသွား၍ရသော မြစ်ကူးတံတားကြီးတစ်စင်းကို သံလွင်တံတား (မော်လမြိုင်)အမည်ဖြင့် တည်ဆောက်ပေးလျက်ရှိသည်။ ယင်းကဲ့သို့ တည်ဆောက်နေရာတွင် တံတားတည်ဆောက်ရေး လုပ်ငန်းမှာ ရာခိုင်နှုန်း ၆၅-၇၀ခန့် ပြီးစီးနေပြီဖြစ်သည်။ မော်လမြိုင်ဘက်ကမ်းရှိဒေသခံပြည်သူများက နှစ်ပေါင်းများစွာ ၎င်းတို့မက်ခဲ့ရသောအိပ်မက်ကြီးအကောင်အထည်ပေါ်လာပြီဖြစ်၍ ထိုသံလွင်တံတား (မော်လမြိုင်) ကို အိပ်မက်တံတားကြီးဟု ခေါ်ဝေါ်သမုတ်နေကြသည်။

မုတ္တမမှမော်လမြိုင်သို့ ဇက်ရေယာဉ်ဖြင့် လိုက်ပါလာခဲ့သော မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် မော်လမြိုင်သို့ ရောက်ပြီးနောက် မော်လမြိုင်ဘူတာမှတစ်ဆင့် ရထားပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ ရေးတံတားစီမံကိန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးတင်အုန်းနှင့်အတူ DRCသံလမ်းပြေး ရထားယာဉ်ငယ်ကလေးဖြင့် ရေးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ လမ်းတစ်လျှောက်၌ လက်ထောက်အင်ဂျင်နီယာ ဦးတင်အုန်းက မော်လမြိုင်- ရေး ရထားလမ်းအခြေအနေကို ရှင်းပြသည်။ မော်လမြိုင်-ရေး ရထားလမ်းပိုင်းတွင် ကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော ဘူတာရုံကြီးများရှိသည်ဟုသိရသည်။

မော်လမြိုင်-ရေး ရထားလမ်းသည် ယခင်ကာလက လုံခြုံမှုမရှိသောလမ်းဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက နိုင်ငံတော်ကြီးကို အစစအရာရာ တာဝန်ယူလိုက်ပြီးနောက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူခဲ့ပြီး နယ်မြေဒေသများမှာ အေးချမ်းသာယာလျက်ရှိနေပြီဖြစ်ရာ ရေးဒေသလည်းအပါအဝင်ဖြစ်သည်။ ကြေးမုံသတင်းအဖွဲ့ စီးနင်းလိုက်ပါလာခဲ့သော DRCရထားသံလမ်းပြေးယာဉ်ကလေးသည် ထိုနေ့က ရေးချောင်းတံတားတည်ဆောက်ရေး စီမံကိန်းရှိရာ မွန်ပြည်နယ်ရေးမြို့သို့ ညနေ ငါးနာရီကျော်ကျော်တွင် ရောက်ရှိသွားပါတော့သည်။

ရေးမြို့သည် မွန်ပြည်နယ်၌ ပါဝင်သော မြို့နယ်တစ်မြို့နယ်ဖြစ်သည်။ မွန်ပြည်နယ်သည် တနင်္သာရီဒေသကြီးတွင် တည်ရှိနေ၍ စစ်တောင်းမြစ်ဝမှ တောင်ဘက်တနင်္သာရီတိုင်းအထိ ရှည်လျားသည်။ မွန်ပြည်နယ်တွင် မည်သည့်အစိတ်အပိုင်းမျှ ပင်လယ်နှင့်ဝေးကွာမှု မရှိခြင်းကြောင့် ရာသီဥတုမျှတသည်။ နှစ်စဉ်အပူချိန်ကွာခြားချက်နည်းပြီး မိုးဥတုတွင် ပင်လယ်မှ တိုက်ခတ်လာသော အနောက်တောင် မုတ်သုံလေသည် တောင်တန်းများနှင့် ထောင့်မှန်နီးပါး တိုက်ခတ်လျက်ရှိရာ မိုးအလွန်များသည်။ အထူးသဖြင့် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးအလွန်များသည်။ ၎င်းလနှစ်လအတွင်း ရွာသွန်းသည့်မိုးရေချိန်သည် တစ်နှစ်အတွင်း ရွာသွန်းသည့် မိုးရေချိန်စုစုပေါင်း၏ ထက်ဝက်နီးပါးရှိသည်ဟု ဒသမတန်းလူမှုရေးဘာသာ၌ ဖော်ပြထားသည်။ အမှန်တကယ်လည်း မိုးများခြင်းကြောင့် ရေးတံတားတည်ဆောက်ရေးလုပ်ငန်းခွင် ဓာတ်ပုံများရိုက်ကူးရန်အတွက် ဩဂုတ် ၂၃ရက်မှ ၂၅ရက်နေ့အထိ သုံးရက်တိတိ စောင့်ဆိုင်း၍ရိုက်ခဲ့ရသည်။

မွန်ပြည်နယ် မြောက်ပိုင်း၌ စစ်တောင်းမြစ်သည် မြစ်ဝကျယ်အဖြစ် မုတ္တမပင်လယ်ကွေ့အတွင်း စီးဝင်သည်။ ကရင်ပြည်နယ်၌ မြစ်ဖျားခံသော ဘီးလင်းမြစ်သည်လည်း မြောက်မှတောင်သို့ စီးဆင်းကာ မုတ္တမပင်လယ်ကွေ့အတွင်းသို့ပင် စီးဝင်သွားသည်။ ထို့အပြင် ကရင်ပြည်နယ်မှ စီးဆင်းဝင်လာသော အတ္တရံမြစ်၊ ဂျိုင်းမြစ်တို့သည် မော်လမြိုင်မြို့အနီးသံလွင်မြစ်အတွင်း မြစ်ဝနှစ်ခု (ဒရယ်ပေါက်မြစ်နှင့် မော်လမြိုင်မြစ်)ဖြင့် လည်းကောင်း၊ ရေးမြစ်သည်တောင်ညိုတောင်တန်းတွင် မြစ်ဖျားခံကာ ရေးမြို့အနီးမှ မုတ္တမကွေ့အတွင်းသို့ လည်းကောင်း အသီးသီးစီးဝင်သွားကြသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် ရန်ကုန်မြို့မှမွန်ပြည်နယ်ကို ဖြတ်သန်း၍ တနင်္သာရီတိုင်းအထိ တစ်ဆက်တစ်စပ်တည်း ရထားခုတ်မောင်းနိုင်ရန် သံလွင်တံတား (မော်လမြိုင်)တံတားကြီးတည်ဆောက်ပြီးလျှင်အဆင်သင့်ဖြစ်စေရေးအတွက် မော်လမြိုင် - ရေး - ထားဝယ်ရထားလမ်း၌ ခြားနေသော ရေးချောင်းကြီးကို ကားနှင့်ရထား (တစ်စင်းပြီးမှ တစ်စင်း)ခုတ်မောင်းနိုင်သည့်တံတားကြီးတစ်စင်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၈၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ ပွင့်လင်းရာသီတွင် ဖွင့်ပွဲပြုလုပ်နိုင်မည်ဟုသိရသည်။

သို့ဖြစ်၍ ကြေးမုံသတင်းအဖွဲ့သည် ရေးချောင်းတံတား စီမံကိန်းသို့ သွားရောက် လေ့လာခဲ့ကြသည်။ ရေးချောင်းတံတားစီမံကိန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၁၉၉၈-၉၉ ခုနှစ်တွင် မြေစမ်းသပ်ခြင်းလုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပြီးရထားနှင့်ကားနှစ်မျိုးသွားတံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရည်ရွယ်ချက်မှာ မော်လမြိုင်-ရေး-ရထားလမ်းနှင့် ရေး-ထားဝယ်ရထားလမ်းပိုင်းတို့ကို ဆက်သွယ်ပေးမည့် တံတားဖြစ်သည်။ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ပြီးစီးပါက ရန်ကုန်မှ ထားဝယ်သို့ ရထားဖြင့် တောက်လျှောက်သွားနိုင်မည့် တံတားလည်းဖြစ်သည်။

တံတားအမျိုးအစားမှာ ပင်မတံတား အောက်ခြေအုတ်မြစ်ကို ဘိုးပိုင်ကွန် ကရစ်အုတ်မြစ်နှင့် သံကူကွန်ကရစ်ပိုင်တိုင်အမျိုးအစားတို့ဖြင့် တည်ဆောက်ထားပြီး အပေါ်ထည်အပိုင်းအား ကြိုတင်အားဖြည့်သံကူကွန်ကရစ်ဘောင်နှင့် ကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ချဉ်းကပ်လမ်းမှာ မြေသားတာပေါင်ကတ္တရာလမ်းနှင့် ရထားလမ်းတို့ ပါဝင်သည်။

ပင်မတံတား (Sub-Structure) တွင် ကမ်းကပ်ခုံနှစ်တိုင် A1-A2 နှင့် ရေလယ်တိုင် ၁၂တိုင် ပါဝင်ပြီး စုစုပေါင်း အောက်ခြေ အုတ်မြစ်တိုင် ၁၄တိုင် ဖြစ်သည်။ ကမ်းကပ်ခုံနှစ်တိုင်၊ ရေလယ်တိုင် ငါးတိုင်တို့မှာ သံကူကွန်ကရစ် ပိုင်တိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး ကွန်ကရစ်ရေလယ်တိုင် ခုနစ်တိုင်တို့မှာ Bored Pile ကွန်ကရစ် အုတ်မြစ်အမျိုးအစား ဖြစ်သည်။ ပင်မတံတား ၅၆ပေ ခြောက်လက္ခ၊ ခန်းဖွင့် ကိုးခန်းနှင့် ၈၅ ပေ ခန်းဖွင့် လေးခန်း ပါဝင်ပြီး တံတားစုစုပေါင်း အလျားပေမှာ (၈၅၇ ပေ ခြောက်လက်မ) ဖြစ်သည်။ တံတားအကျယ် မှာ ၂၄ ပေရှိပြီး ၁၆ ပေ အကျယ် ယာဉ်သွားလမ်းနှင့်သုံးပေ ခြောက်လက်မ အကျယ် လူသွားလမ်း နှစ်ဖက်ပါဝင်သောသံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်သည်။

အဆိုပါရေးချောင်း တံတားတည်ဆောက်ရေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ မီးရထားနှင့်အတူ ဆောင်းဟေမာန် ကုမ္ပဏီလီမိတက်သည် တံတားတည်ဆောက်ရေးလုပ်ငန်းတွင် အတူတကွ အခက်အခဲများကို ကျော်ဖြတ်ပြီး ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေသည်။

ထို့အပြင် ဆောင်းဟေမာန် ကုမ္ပဏီသည် အမှတ်၃၁(က/၂)တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ်တွင် ကုမ္ပဏီရုံးကို အခြေစိုက်ဖွင့်လှစ် ထားရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို မြန်မာ့မီးရထားနှင့် တွဲလျက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကြားရှိ ဒုံသမိ မီးရထားနှင့် ကားပါကူးနိုင်သည့် တံတား၊ ရွှေညောင်-နမ့်စန် ရထားလမ်းပေါ်ရှိ နမ့်ပွန်ချောင်းရထားလမ်းတံတားများ တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်တည်ဆောက်ခဲ့ပြီး ယခုရေးချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းတွင်လည်း ပါဝင်တည်ဆောက်လျက်ရှိနေသည်။

ကြေးမုံသတင်းအဖွဲ့သည် မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ရေးချောင်းတံတား တည်ဆောက်ရေးနှင့်ပတ်သက်၍ မြန်မာ့မီးရထားမှ စီမံကိန်းအမှုဆောင်အင်ဂျင်နီယာ ဦးလွမ်းသူအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးလွမ်းသူက မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်း တောက်လျှောက် ခုတ်မောင်းနိုင်ရေးတွင် ရေးချောင်းသည် အတားအဆီးတစ်ခု ဖြစ်နေကြောင်း၊ မိမိတို့ ရထားလမ်းမကြီးမှာ မော်လမြိုင်နှင့် ရေး ဆက်သွယ်ဖောက်လုပ်ထားပြီးရထားလည်းခုတ်မောင်းပေးလျက်ရှိနေကြောင်း၊ရေး-ထားဝယ် တောက်လျှောက်ခုတ်မောင်းနိုင်ရေးအတွက် ဤရေးချောင်းတံတားကို တည်ဆောက်ခြင်းဖြစ်ပါကြောင်း။

ရေးချောင်းတံတားကြီး တည်ဆောက်ရာမှာ လုပ်ငန်းအနေအထားအရ လိုအပ်လျှင် လိုအပ်သလို၂၄နာရီတောက်လျှောက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပမာအားဖြင့် Bored Pile တူးရာမှာလည်းကောင်း၊ ကွန်ကရစ်လောင်းရာမှာ လည်းကောင်း ဆက်တိုက်မနားဘဲ ဆောင်ရွက်ကြကြောင်း၊ သို့သော်လည်း ရေလယ်ပိုင်းမှာဆိုလျှင် အန္တရာယ်ရှိသည့်အတွက် ညဘက်မှာဆောင်ရွက်ခြင်းမရှိကြောင်း။

ယခုရထားလမ်းနှင့်ကားလမ်းကူးတံတားကြီးပြီးသွားလျှင် ရေးနှင့်ချောင်းတောင်ရွာအကြား မြစ်ကို စက်လှေနှင့်ကူးရသည့် ဒုက္ခများကင်းဝေးသွားမည့်အပြင် မော်လမြိုင်-ရေး-ထားဝယ်ရထားကို တောက်လျှောက် ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်းတို့ကို ကြေးမုံသို့ရှင်းပြသည်။

အမှန်တကယ်ပင် ရေးချောင်း ရထား ကားကူးတံတားကြီးပြီးစီးသွားလျှင် မွန်ပြည်နယ် မော်လမြိုင်နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့တို့သည် တစ်ထောက်မနားဘဲ ရထားဖြင့် တောက်လျှောက်သွားနိုင်တော့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများမှာလည်း ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူရှိလာတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းကို ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(ကြေးမုံ)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးစူးရှင်မင်းကွန်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ မွေ့ဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်**
၇:၂၅ ၂။ ကျွန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဥ
၈:၁၅ ၈။ ရွှေလီတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English For Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ Practice in Reading.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၅ ၆။ **နွေးထွေးသောရင်ခွင် (အပိုင်း-၂)(ဖြိုးငွေစိုး၊အောင်ခိုင်၊ မြတ်ကေသီအောင်၊ဆုပန်ထွာ၊ လှမျိုးသဥ္ဇာနွယ်၊ပွင့်နဒီမောင်) (ဒါရိုက်တာ-တင်သန်းဦး) (ရှမ်းဘာသာစကားဖြင့်)**
၅:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၀ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၅ ၁၀။ **၂၀၀၃ခုနှစ် ကောဒသမ (အကြိမ် ၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မွေ့ပူဇာတေး (အခြေခံပညာအဆင့် ၅-၁၀နှစ်) (အမျိုးသမီး)**
၆:၁၀ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success in Soccer.
၇:၁၀ ၁၅။ အာဟာရဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာ
၇:၂၀ ၁၆။ **၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဆွေးနွေးခန်း (အတီးပြိုင်ပွဲ)(ဆိုင်း၊နဲ၊ စောင်း၊ ပတ္တလား၊အိုးစည်၊ဒိုးပတ်)**
၇:၄၅ ၁၇။ နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေးပြိုင်ပွဲ) သုဝဏ္ဏသာမဇာတ်တော်ကြီး (ပထမဆု)(ရောဝတီတိုင်း)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ပုစွန်အနေဖြင့် တစ်ကန်လျှင် နှစ်ဧကရှိ ကန်လေးကန် ရှစ်ဧကဖော်ထုတ်ပြီး ပုစွန်ကောင်ရေ ၁၅၀၀၀၀ကို မွေးမြူထားရှိလျက် ရှိကြောင်းနှင့် ဝက်မွေးမြူရေးလုပ်ငန်းအနေဖြင့် ဝက်ကောင်ရေ ၁၈၉ကောင် မွေးမြူထားရှိပြီး ဝက်ကောင်ရေ ၄၀၀အထိ တိုးချဲ့မွေးမြူသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင် စိုက်ပျိုးမွေးမြူရေးစခန်းမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၃ခုနှစ် စက်တင်ဘာ၁၀ရက်မှ စက်တင်ဘာ ၁၄ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ၂၀ဒသမ ၀၅ပေခန့်မှ ၂၀ဒသမ၄၄ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်ပြီး ပွင့်လင်းရာသီ၌ ဖွင့်လှစ်တော့မည့် ရေးချောင်းတံတားကြီး ပြီးစီးမှုအခြေအနေကို ဩဂုတ် ၂၅ရက်က ဤသို့တွေ့ခဲ့ရသည်။ ဓာတ်ပုံ-ရေချမ်းမြင့်(ကြေးမုံ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

❍ **အိုင်အိုဒင်းမှ**

ပြည်သူများသိရှိနိုင်ရန် ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာ ဦးလှကြည် အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

စားတတ်ရန်လို

ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာ ဦးလှကြည်က "လူတစ်ယောက် အသက်ရှည်ဖို့နဲ့ ကျန်းမာဖို့ဟာ အာဟာရပြည့်ဝမျှတဖို့က အဓိက ဖြစ်ပါတယ်။ အာဟာရ ပြည့်ဝမျှတမှသာ အသက်ရှည်တယ်။ ကျန်းမာမယ်။ အာဟာရ မပြည့်ဝဘူး၊ မမျှတဘူးဆိုရင် ရောဂါရမယ်၊ အသက်တိုမယ်။ ကျွန်တော်တို့ ဌာနကတော့ ကျန်းမာရေး ဦးစီးဌာနအောက်က အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသားအားလုံး အာဟာရပြည့်ဝမျှတဖို့ ဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ **လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး**ဆိုတဲ့ ရည်မှန်းချက်ကို အထောက်အကူပြုနိုင်အောင် ကျွန်တော်တို့ဌာနက လုပ်ပေးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနရဲ့ လုပ်ငန်းစဉ်အနေနဲ့က ဘာကို ဦးတည်သလဲဆိုတော့ အာဟာရချို့တဲ့မှုတွေ လျော့နည်းပပျောက်သွားဖို့နဲ့ အာဟာရလွန်ကဲပြီးတော့ဖြစ်တတ်တဲ့ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါတွေကို ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ ပြည်သူလူထုအတွင်းမှာ ကျန်းမာရေးကို အထောက်အကူပြုတဲ့ စားသောက်ပုံ စားသောက်နည်းတွေ သိရှိလာအောင် ပညာပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့အပိုင်းက ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အာဟာရပြဿနာ

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမှ အာဟာရပြဿနာကင်းတဲ့ နိုင်ငံဆိုတာ မရှိပါဘူး။ အာဟာရချို့တဲ့လျှင် ချို့တဲ့မယ်၊ လွန်ကဲလျှင် လွန်ကဲမယ်။ ဒါမှမဟုတ် အဲဒီနှစ်မျိုးစလုံး ဖြစ်လျှင်လည်း ဖြစ်နေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ချို့တဲ့မှုကိုလည်း ကာကွယ်မယ်၊ လွန်ကဲမှုတွေကိုလည်း မဖြစ်စေရဘူးပေါ့။ အဲဒီအတွက် အဓိကကတော့ လူတိုင်းလူတိုင်းဟာ အာဟာရပြည့်ပြည့်ဝဝ မျှမျှတတနဲ့ ဘာကို စားသုံးရမယ်ဆိုတာ သိသွားအောင် လုပ်ပေးရမှာဖြစ်ပါတယ်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကတော့ ကျွန်တော်တို့အနေနဲ့ ပထမဆုံးအကြိမ် လုပ်တာပါပဲ။ ယခင်ကလည်း မလုပ်ခဲ့ဘူးလားဆိုတော့ လုပ်ခဲ့ပါတယ်။ အရင်ကလုပ်ခဲ့တာကတော့ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်ဆိုပြီးတော့ ၁၉၉၉ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၁ခုနှစ်မှာ တစ်ကြိမ်လုပ်ခဲ့ဖူးပါတယ်။ ဒီနှစ် ၂၀၀၃ ခုနှစ်ကျတော့ အိုင်အိုဒင်းတစ်ခုတည်း လုပ်မယ့်အစား ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားအောင် ရည်မှန်းချက်ကို ကျယ်ကျယ်ပြန့်ပြန့်ထားပြီး လုပ်ကြရအောင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆိုပြီး အမည်ပြောင်းလိုက်ပါတယ်။ နာမည်ပြောင်းလိုက်တဲ့နည်းတူ လုပ်ငန်းတွေကိုကလည်း ပိုပြီးကျယ်ပြန့်လာပါတယ်။

အဓိကရည်ရွယ်ချက်

ဒီနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံမှာ Micronutrient Deficiencies ဆိုတဲ့ အဏုအာဟာရ ချို့တဲ့မှုဖြစ်တဲ့ ဗီတာမင်အေချို့တဲ့မှု၊ အိုင်အိုဒင်းချို့တဲ့မှု၊ သံဓာတ်ချို့တဲ့မှုတို့ လျော့နည်းပပျောက်သွားအောင်ဆိုတဲ့ ယေဘုယျရည်မှန်းချက် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဝိသေသ ရည်မှန်းချက်တွေကတော့ တစ်နိုင်ငံလုံး အိုင်အိုဒင်းဆားစားသုံးရေး လုပ်ငန်းတွေကို လုပ်နေပါတယ်။ ဒီလုပ်ငန်းဟာလည်း အခုအောင်မြင်နေပြီ ဖြစ်ပါတယ်။ ဒီအောင်မြင်နေတာကို ဆက်ပြီးထိန်းထားရမယ်။ နောက်အရှိန်မြှင့်ရပါမယ်။ ဒုတိယကတော့ အသက်ခြောက်လမှ ငါးနှစ်အရွယ် ကလေးတွေကို ဗီတာမင် 'အေ'ဆေးလုံး တိုက်ကျွေးပါမယ်။ ဒီဗီတာမင်'အေ' ဆေးလုံးကို ၁၉၉၃ ခုနှစ်လောက်က စတိုက်ခဲ့တာ ၁၉၉၆ ခုနှစ်မှာတော့ တစ်နိုင်ငံလုံးကို တိုက်နိုင်တဲ့အဆင့်ထိ ရောက်ရှိခဲ့ပါတယ်။ ၂၀၀၀ပြည့်နှစ် ရောက်တော့ ပိုလီယို ကာကွယ်ဆေးနဲ့ တစ်ပြိုင်တည်း အမျိုးသား ကာကွယ်ဆေးတိုက်နေ့တွေမှာ တိုက်ကျွေးခဲ့ပါတယ်။ အဲဒီမှာတော့ ခြောက်လကနေ ငါးနှစ်အရွယ် ကလေးတွေကို ရာနှုန်းပြည့် တိုက်နိုင်ခဲ့ပါတယ်။

ရက်သတ္တပတ်လှုပ်ရှားမှု

ဒီနှစ်မှာတော့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆိုပြီးတော့ လုပ်လိုက်တော့ မြင့်မားနေတဲ့ လွှမ်းခြုံမှုကို ဆက်ထိန်းချင်တဲ့သဘောပါပဲ။ တတိယကတော့ သံဓာတ်ချို့တဲ့မှုပါပဲ။ သံဓာတ်ချို့တဲ့မှုကတော့ အိုင်အိုဒင်းတို့၊ ဗီတာမင်'အေ'တို့လို လှုပ်လှုပ်ရှားရှား မလုပ်ခဲ့ပါဘူး။ ပုံမှန်အတိုင်းပဲ လုပ်နေခဲ့ပါတယ်။ အိုင်အိုဒင်းမှာ ရက်သတ္တပတ် လှုပ်ရှားမှုလုပ်ဖူးတယ်။ ဗီတာမင် 'အေ'ကိုလည်း ပိုလီယိုနဲ့တွဲပြီး တိုက်ဖူးတယ်။ သံဓာတ်ကတော့ အဲဒီလို တစ်ခါမှ မလုပ်ဖူးပါဘူး။ ဒီနှစ်မှာတော့ အဲဒီ Micronutrientသုံးခုကို ရောပြီးတော့ ရက်သတ္တပတ်လှုပ်ရှားမှုကို လုပ်ခြင်းဖြစ်ပါတယ်။

ကျန်းမာရေးဦးစီးဌာန အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနမှ ထုတ်ဝေသည့် အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်စာအုပ် မျက်နှာဖုံး။ ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း(ကြေးမုံ)

ကျွန်တော်တို့အနေနှင့် သံဓာတ်ဆေးပြားတွေကို ကိုယ်ဝန်ဆောင်တွေကို ပေးပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ဆောင် မိခင်လောင်းတွေက တချို့က သောက်တယ်၊ တချို့က သောက်ရကောင်းမှန်း မသိတာကို တွေ့နေရပါတယ်။ သံဓာတ်ချို့တဲ့ရင် သွေးအားနည်းမယ်၊ သွေးအားနည်းရင် ကိုယ်ဝန်ဆောင်ရခြင်းနှင့် နီးနွှယ်နေတဲ့ရောဂါတွေ ခံစားရပြီးတော့ အသေအပျောက်များတယ်ဆိုတာ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ မသိကြပါဘူး။

သံဓာတ်ဆေးပြား မှန်မှန်စားရင် ကလေးကျန်းမာမယ်၊ ကလေး ကိုယ်အလေးချိန် ပြည့်မယ်ဆိုတာ သူတို့မသိကြပါဘူး။ သူတို့ကိုယ်သူတို့ သွေးအားနည်းနေမှန်း မသိလို့ကို မသောက်ကြတာ ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့က ကိုယ်ဝန်ဆောင်မိခင်တွေ သိသွားအောင် ပညာပေးတာပါပဲ။ အဓိကကတော့ အိုင်အိုဒင်းချို့တဲ့မှု၊ ဗီတာမင်အေ ချို့တဲ့မှုနှင့် သံဓာတ်ချို့တဲ့မှု ပပျောက်သွားအောင် လုပ်ခြင်းဖြစ်ပါတယ်။

တစ်ခါတည်းမှာပဲ အခု ချို့တဲ့မှုသုံးခုအပြင် လူတိုင်းလူတိုင်း အသက်အရွယ်မရွေး အာဟာရ မျှမျှတတ စားသောက်ရမယ်ဆိုတာ နားလည်သွားအောင် ပညာပေးလုပ်ငန်းကို လုပ်မယ်ဆိုပြီး လုပ်ရတာဖြစ်ပါတယ်။

ပညာပေး

အခုလုပ်တဲ့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်မှာ (၁)က ခြောက်လမှ ငါးနှစ်အရွယ် ကလေးတွေကို ဗီတာမင် 'အေ' ဆေးတိုက်တယ်၊ (၂)ကတော့ မိခင်တွေကို သံဓာတ်ဆေးပြားတွေ ဝေတယ်၊ (၃)ကတော့ အိုင်အိုဒင်းဆားရောင်းတဲ့ဆိုင်တွေမှာ လိုက်စစ်ပါတယ်။ အရင်တုန်းကတော့ မစစ်ဘူးလားဆိုတော့ စစ်ခဲ့ပါတယ်။ ဒါပေမယ့် ဆိုင်တွေမှာ မစစ်ပါဘူး။ အိုင်အိုဒင်းဆားထုတ်တဲ့ စက်ရုံတွေနဲ့ အိမ်တွေမှာ လိုက်စစ်ပါတယ်။ စက်ရုံတွေမှာ မြန်မာ့ဆားလုပ်ငန်းက စစ်တယ်။ အိမ်တွေမှာ ကျွန်တော်တို့ ကျန်းမာရေး ဝန်ထမ်းတွေက စစ်တယ်။ ဆိုင်တွေမှာ ဘယ်သူမှ မစစ်ခဲ့ပါဘူး။ အခုလို ဆိုင်တွေမှာစစ်လိုက်တော့ ဆိုင်တွေမှာရှိတဲ့ ဆားတွေရဲ့ အရည်အသွေးကိုလည်း စစ်ပြီးသားဖြစ်သွားတယ်။ ဆိုင်ရှင်တွေကိုလည်း ပညာပေးပြီးသားဖြစ်သွားတယ်။ အိုင်အိုဒင်းဆားကိုသာ တင်ရောင်းပါ။ အိုင်အိုဒင်းဆားရောင်းခြင်းအားဖြင့် ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝပါတယ်ဆိုပြီး ပညာပေးရပါတယ်။

ကျန်တဲ့ပြည်နယ်နှင့် တိုင်းတွေမှာလည်း တစ်ပြိုင်တည်း လုပ်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းထဲမှာဆိုလျှင် စက်တင်ဘာ ၁ရက်နေ့က ရန်ကုန်တိုင်းရဲ့ ဖွင့်ပွဲလုပ်တယ်။ ၂ရက်နေ့မှာတော့ တိုင်း မိခင်နှင့်ကလေး ကြီးကြပ်မှုကော်မတီကနေပြီး အခမ်းအနားလုပ်တယ်။ ၃ရက်နေ့မှာတော့ ရန်ကုန်အရှေ့ပိုင်းဆေးရုံမှာလုပ်တယ်။ ၄ရက်နေ့မှာ သန်လျင်မှာလုပ်တယ်။ ၅ရက်နေ့မှာတော့ အာဟာရဆွေးနွေးပွဲဆိုပြီး ဆေးတက္ကသိုလ်(၁)မှာ လုပ်မယ်။ ၆ရက်နေ့မှာ အင်းစိန်ဆေးရုံမှာ လုပ်မယ်။ ၇ရက်နေ့မှာတော့ ကလေးဆေးရုံမှာ လုပ်ပါမယ်။ ဒါကတော့ အခမ်းအနားနဲ့လုပ်တာပါပဲ။

ကျန်တဲ့မြို့နယ် အားလုံးမှာလည်း အခမ်းအနားမပါဘဲ လုပ်နေကြပါတယ်။ ပြည်နယ်နှင့်တိုင်း အားလုံးမှာလည်း ဖွင့်ပွဲအခမ်းအနားတွေ လုပ်ပါမယ်။ ပြည်နယ်နှင့်တိုင်း ဥက္ကဋ္ဌတွေ ကိုယ်တိုင် အခမ်းအနားတွေကို ဖွင့်ပေးပါမယ်။

အိုင်အိုဒင်းချို့တဲ့လျှင်

အိုင်အိုဒင်းနဲ့ ပတ်သက်ပြီး ရှင်းပြချင်ပါသေးတယ်။ များသောအားဖြင့် အိုင်အိုဒင်းချို့တဲ့ရင် လည်ပင်းကြီးမယ်ဆိုတာလောက်ပဲ သိနေကြပါတယ်။ လည်ပင်းကြီးတာက မျက်စိနဲ့ မြင်ရတဲ့ရောဂါဖြစ်ပါတယ်။ မျက်စိနဲ့မမြင်ရဘဲ ကြောက်စရာကောင်းတဲ့ ရောဂါတွေကတော့ ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းချို့တဲ့ရင် မွေးလာတဲ့ ကလေးက ဉာဏ်ရည်မပြည့်ပါဘူး။ တချို့ဆိုရင် ဝမ်းတွင်းရူးအဆင့်ထိ ဖြစ်သွားပါတယ်။ တချို့ကလေးတွေဆိုရင် စာသင်လို့တောင် မရနိုင်အောင် ဉာဏ်ရည် ချို့တဲ့သွားတတ်ပါတယ်။ လူတိုင်း အိုင်အိုဒင်းစားလို့ အိုင်အိုဒင်းဓာတ် လုံလုံလောက်လောက်ရရင် နောင်မွေးလာမယ့် ကလေးတွေအားလုံးဟာ ဉာဏ်ရည်ထက်မြက်မှာ ဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ တစ်နိုင်ငံလုံး အိုင်အိုဒင်းစားတဲ့ စီမံကိန်းကို လုပ်နေတာဖြစ်ပါတယ်။

"ခြောက်လမှ ငါးနှစ်အတွင်း ကလေးတွေ ဗီတာမင်'အေ'ကို မပျက်မကွက် သောက်သုံးသင့်ပါတယ်။ အိုင်အိုဒင်းဆားကိုလည်း လူတိုင်း စားသုံးသင့်ပါတယ်။ သံဓာတ်ဆေးပြားကိုလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ မပျက်မကွက် သောက်သုံးသင့်ပါတယ်။ ဖြစ်နိုင်ရင် မျိုးဆက်ပွားနိုင်တဲ့ အမျိုးသမီးတိုင်းလည်း သောက်သုံးသင့်ပါတယ်။"[ဒေါက်တာလှကြည်၊ ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ကျန်းမာရေးဦးစီးဌာန]

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

နောက်တစ်မျိုးကတော့ ဗီတာမင် 'အေ'ပါပဲ။ ဟိုယခင်အခါက ဗီတာမင် အေချို့တဲ့တယ်။ ဝက်သက်ပေါက်တယ်ဆိုရင် တစ်သက်လုံး မျက်စိကွယ်သွားနိုင်ပါတယ်။ အခုတော့ ကျွန်တော်တို့က ၁၀နှစ်လောက် ဗီတာမင်အေကို တိုက်လာတဲ့အတွက် ကျွန်တော်တို့ နိုင်ငံမှာ ဗီတာမင်'အေ' ချို့တဲ့ပြီး မျက်စိကွယ်တဲ့ကလေး မရှိတော့ပါဘူး။ ကြက်မျက်သင့်တဲ့ ကလေးလည်း မရှိတော့ပါဘူး၊ ဒါပေမယ့် တခြားနိုင်ငံတွေမှာတော့ ရှိနေကြပါသေးတယ်။ အဲဒီလို ဗီတာမင်အေချို့တဲ့ပြီး မျက်စိကွယ်တဲ့ကလေးတွေဟာလည်း တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ရောဂါတစ်ခုခုရပြီး သေဆုံးတတ်တာ တွေ့ရပါတယ်။ ကိုယ်ခံဓာတ်မကောင်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒီကလေးတွေကို ဗီတာမင်အေဆေး တိုက်လိုက်ရင် ကိုယ်ခံဓာတ် ကောင်းလာပြီးတော့ အသေအပျောက်နည်းသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကလေးတွေ ဗီတာမင်အေ ချို့တဲ့လို့ မျက်စိကွယ်တာ မရှိသော်လည်း ကိုယ်ခံဓာတ်ကောင်းပြီးတော့ တခြားရောဂါတွေရဲ့ အန္တရာယ်ကို ကာကွယ်နိုင်အောင်၊ ခုခံနိုင်အားများပြီး ကလေးအသေအပျောက်နည်းအောင်ဆိုပြီး ဗီတာမင်အေကို ဆက်တိုက် နေခြင်းဖြစ်ပါတယ်။

မပျက်မကွက်သောက်

ဒါကြောင့် ခြောက်လမှ ငါးနှစ်အတွင်း ကလေးတွေ ဗီတာမင်အေကို မပျက်မကွက် သောက်သုံးသင့်ပါတယ်။ အိုင်အိုဒင်းဆားကိုလည်း လူတိုင်း စားသုံးသင့်ပါတယ်။ သံဓာတ်ဆေးပြားကိုလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ မပျက်မကွက် သောက်သုံးသင့်ပါတယ်။ ဖြစ်နိုင်ရင် မျိုးဆက်ပွားနိုင်တဲ့ အမျိုးသမီးတိုင်းလည်း သောက်သုံးသင့်ပါတယ်။

ဒီနှစ်အတွက်ကတော့ ကလေးတွေနဲ့ အမေတွေ အဓိကဖြစ်ပြီး နောင်နှစ်နောင်နှစ်တွေလည်းဆက်ပြီး လုပ်သွားမှာဖြစ်တဲ့အတွက် နောင်နှစ်တွေမှာဆိုရင် အာဟာရဓာတ် သုံးမျိုးအပြင် ဆီးချို၊ သွေးတိုးကာကွယ်မှုတွေ၊ ပရိုတင်းဓာတ် ချို့တဲ့မှုတွေ၊ အခြား အာဟာရ ချို့တဲ့မှုတွေကို ပညာပေးတဲ့ အစီအစဉ်တွေ ပါလာမှာ ဖြစ်ပါတယ်။ ဒီနှစ်ကတော့ အိုင်အိုဒင်း၊ ဗီတာမင်အေနဲ့ သံဓာတ်သုံးမျိုးမချို့တဲ့အောင် မိခင်များကိုရော ကလေးများကိုပါ တိုက်ကျွေးသွားဖို့ ဖြစ်ပါတယ်"ဟု ကြေးမုံသို့ အကျယ်တဝင့် ရှင်းပြလိုက်ပါသည်။ ။ **(ကြေးမုံ)**

သမဝါယမကောလိပ် ပထမနှစ် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူ

ရန်ကုန် စက်တင်ဘာ ၄

သမဝါယမဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမ ကောလိပ်များတွင် B.A (Business Science) ဘွဲ့နှင့် ဒီပလိုမာသင်တန်းများသို့ တက်ရောက်ရန် လျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်တွင် B.A (Business Science) ဘွဲ့ကို ပေးအပ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးနှစ်ဖြစ်သည်။ ဗဟိုသမဝါယမ ကောလိပ်တွင် Diploma in Secretaryship For Enterprise၊ Diploma in Business Management၊ Dipolma in Banking Finance and Insurance၊ Diploma in Enterprise Develoment၊ Diploma in Financial Management များ ပေးအပ်မည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ မန္တလေးနှင့် စစ်ကိုင်းသမဝါယမဒေသ ကောလိပ်တို့တွင် Diploma in Secretaryship For Enterprise၊ Diploma in Business Accounting၊ Diploma in Markeing Management များ ပေးအပ်မည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ သင်တန်းအားလုံးအတွက် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြသည်။ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှအပ ကျန်ကောလိပ်များသို့ ဘွဲ့ရသူများလည်း လျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ စက်တင်ဘာ ၃၀ရက်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သမဝါယမဦးစီးဌာန အဆင့်ဆင့်နှင့် ဖုန်း- ၀၁-၂၅၀၆၁၈သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အင်္ဂလိပ်စာနှင့် စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ဆရာအာသာ ဘီအေ(အင်္ဂလိပ်စာ)၊ ဒီပလိုမာ (အင်္ဂလိပ်စာ သင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာ ဘွဲ့ရဆရာများ ပို့ချမည့် အလုပ်လျှောက်လိုသူများနှင့် အင်္ဂလိပ်စကားပြောတတ်ရန် လိုအပ်သူအားလုံးအတွက် Communicative Spoken English, Intermediate Level General English Proficiency သင်တန်းများကို နေ့စဉ်နှင့် ရုံးချိန်လွတ် ဖွင့်လှစ်လျက်ရှိသည်။

တစ်နှစ်တာလုံး ဆက်လက်လေ့ကျင့်နိုင်မည့် English Language Club ၏ Mini Library မှ စာအုပ်များကို အခမဲ့ ငှားရမ်းလေ့ကျင့်ခွင့် ရရှိမည်ဖြစ်ရာ တက်ရောက်လိုသူများသည် Success Language Academy အမှတ် ၄၅၇ (တတိယထပ်) ကုန်သည်လမ်း (ဘိုကလေးဈေးလမ်းထောင့်) ဂမုန်းပွင့် ကုန်တိုက်ရှေ့ ဖုန်း-၂၉၅၇၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက လျှပ်စစ်ကို အနိုင်ရ

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစား ဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲ အဖြစ် (ဂ)အုပ်စုမှ လျှပ်စစ်စွမ်းအားအသင်းနှင့် ပြည်ထဲရေးအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်း တစ်ဂိုး။
(နေသူလှိုင်)

လျှပ်စစ်စွမ်းအားအသင်း ဂိုးမရှိ။

အကောင်းဆုံးဆု
စည်သူဝင်း(ပြည်ထဲရေး)
ဒိုင်လူကြီး ဦးဝင်းဦး။

ယနေ့ပွဲမှာ နှစ်သင်းစလုံး ကစားကွက်ကို အပီအပြင် မဖော်နိုင်ခဲ့ကြဘဲ နှစ်ဖက် တိုက်စစ်မှူး များမှာလည်း ခြေစွမ်းမပြနိုင်ဖြစ်ကာ ပွဲအေးတစ်ပွဲ ဖြစ်ခဲ့သည်။

ယင်းနှစ်သင်း၏ တွေ့ဆုံမှုအနေအထားအရ ပြည်ထဲရေးအသင်းက အနိုင်ရရှိမှုများခဲ့ပြီး ယနေ့ပွဲမှာလည်း ဆက်လက် အနိုင်ရခဲ့ပြန်၍ နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် အလားအလာ ကောင်းသွားခဲ့ပြီဖြစ်သည်။

ဆွဲဆောင်မှုမရှိ

ပထမပိုင်းတွင် နှစ်သင်းစလုံး အပေးအယူ အချိတ်အဆက်ကစ၍ ဂိုးရရှိအောင် စွမ်းဆောင်နိုင်မှုအထိ အမှားများနေကြ၍ ပွဲမှာ ဆွဲဆောင်မှုမရှိဖြစ်နေခဲ့သည်။ သို့သော် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အလမ်းများစွာရရှိခဲ့ကြသည်။ လျှပ်စစ်စွမ်းအားအသင်း၏ ဂိုးသွင်းခွင့်များမှာလည်း ပြည်ထဲရေး ဂိုးပေါက်နှင့် မတည့်ဖြစ်နေ၍ အဖွင့်ဂိုးနှင့် လွဲနေသည်။ ပြည်ထဲရေးအသင်းကလည်း ဂိုးရရှိရေး ကြိုးစားကန်သွင်းသော်လည်း ဂိုးပေါက်နှင့်လွဲနေ၍ ပထမပိုင်း ပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ မိနစ် ၄၀တွင် စည်သူဝင်း အသာ မပေးသည့် ဘောလုံးကို နေသူလှိုင်က လျှပ်စစ်စွမ်းအား ဂိုးသမားနေလင်းအောင် ထွက်ကာကွယ်သည့်ကြားမှ ခေါင်းတိုက် သွင်းယူလိုက်၍ ပြည်ထဲရေးအသင်း တစ်လုံးတည်းသော အနိုင်ဂိုး ရရှိသွားခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားကွက် ပြန်မိလာပြီး အချိတ်အဆက်မိမိဖြင့် ဂိုးထပ်မံ ရရှိရေး အားထည့်ကစားလာသော်လည်း ဂိုးရအောင် မစွမ်းဆောင်နိုင်ဖြစ်ခဲ့သည်။ ပြည်ထဲရေးအသင်း၏ ဂိုးသွင်းမှုများမှာလည်း တိုင်ထိ၊ ဘားထိ၊ ဘေးထွက်ဖြစ်နေ၍ ဂိုးထပ်မရဘဲ ပွဲအပြီးတွင် ပြည်ထဲရေးအသင်းက ပထမပိုင်း၌ သွင်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲကစားအပြီးတွင် ပြည်ထဲရေးအသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ် ရရှိထားသောကြောင့် အုပ်စုတက်ရန် အလားအလာကောင်းနေပြီး လျှပ်စစ်စွမ်းအားအသင်းမှာ နှစ်ပွဲကစားရာ၌ နှစ်ပွဲစလုံး ရှုံးနိမ့်ထား၍ အမှတ်မရသေးသောကြောင့် အုပ်စုတက်ရန် အလားအလာ မှေးမှိန်လျက်ရှိသည်။

ပွဲအပြီးတွင်ပွဲနှင့်ပတ်သက်၍ကြေးမုံက နှစ်ဖက်အသင်းအား မေးမြန်းဖြစ်ခဲ့သည်။

ရှေ့ဦးစွာ ပြည်ထဲရေးအသင်း အုပ်ချုပ်သူ ဒုတိယရဲမှူးကြီးခင်ထွန်းက "မိမိတို့အသင်း ယနေ့ပွဲအနိုင်ရသော်လည်း အားမရသေးကြောင်း၊ ရသင့်သော ဂိုးများလည်း မရရှိခဲ့ကြောင်း၊ မိမိတို့အသင်း အချင်းချင်း အချိတ်အဆက် လွဲနေကြသလို တစ်ဦးချင်း ကစားနေ၍ ထင်သလောက် ဂိုးမရခဲ့ကြောင်း၊ လျှပ်စစ်စွမ်းအားအသင်းကလည်း တိုးတက်မှုရှိပြီး ကြိုးကြိုးစားစား ကစားခဲ့ကြောင်း၊ ဆက်လက်၍ အောင်မြင်မှုရအောင် ကြိုးစားသွားမည် ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

လျှပ်စစ်စွမ်းအားအသင်းအုပ်ချုပ်သူ ဦးစောနေဗလုက "မိမိတို့ကလေးတွေ နည်းပြများ ပြသထားသည့်အတိုင်း ကစားကြသော်လည်း ကစားကွက်နှင့် သိပ်အံမဝင်သေးကြောင်း၊မိမိတို့အသင်း တစ်ချိန်က တက္ကသိုလ်မှ ဆရာငြိမ်း၏ တက္ကသိုလ်အသင်း ကစားကွက်ကို အတုယူကာ လေ့ကျင့်ပြီးကစားနေကြောင်း၊ မိမိတို့အသင်းမှ ကစားသမားများ အနေဖြင့် အသင်းနိုင်ချင်သည့် စိတ်ဓာတ်၊ နိုင်ငံလက်ရွေးစင်ဖြစ်ရမည် ဆိုသော စိတ်ဓာတ်တို့ဖြင့် ဆက်လက်ကြိုးစားယှဉ်ပြိုင်မည်ဆိုပါက အသင်းအခြေအနေတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း"ဖြင့် ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
မလိခနှင့် လယ်ယာ/ဆည်မြောင်း။
(ကြေးမုံ)

ပြည်ထဲရေးအသင်း တိုက်စစ်မှူး နေသူလှိုင်၏ တိုက်စစ်ကို လျှပ်စစ်စွမ်းအား နောက်ခံလူ စိုးမြင့်(ခ) မောင်မောင်ကြီး ဖျက်ထုတ်စဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မနောရမ္မကျောင်း သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း(စက်သုံးဆီဆိုင်အနီး)အရှေ့ဉယျာဉ်တိုက် မနောရမ္မကျောင်း ဆရာတော်ကြီးမှူးပြီး ဝါရင့် ဆရာ၊ ဆရာမကြီးများက (၁၇)ကြိမ်မြောက် ပညာဒါနအဖြစ် စက်တင်ဘာဖရက်မှစ၍ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ တရုတ်၊ ကိုရီးယားနှင့် စပိန် ဘာသာစကားသင်တန်းများကို အခြေခံမှစပြီး ကျွမ်းကျင်ပိုင်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် ကွန်ပျူတာသင်တန်းများကိုလည်းဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ တက်ရောက်သင်ယူလိုသူများသည် အဆိုပါ မနောရမ္မကျောင်း ဖုန်း-၅၃၇၀၂၆တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က-ပ)

လှိုင်မြို့နယ် အလက(၁) မိဘဆရာအသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၃၁ရက်က ပြုလုပ်ရာ အဋ္ဌမတန်းတွင် ဘာသာစုံဂုဏ်ထူးရရှိသူ မဇင်သူလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။
(က-ပ)

"ငါ သူတစ်ပါး ယောကျ်ား မိန်းမ" ဇာတ်ကားသစ်ရုံတင် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး ပညာပေးရိုက်ကူး

ရန်ကုန် စက်တင်ဘာ ၄

ယခုသောကြာပတ်တွင်ကြယ်တံခွန် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် **ငါ သူတစ်ပါး ယောကျ်ား မိန်းမ** ဇာတ်ကားသစ် သမ္မတ၊သွင်နှင့်မင်္ဂလာရုံကြီးများတွင် ရုံတင်ပြသလာသည်။

ခြယ်မှုန်း

ခင်စန်းမွန်၏ ဝတ္ထုကို ငြိမ်းမင်း ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ ပန်းချီစိုးမိုးက ခြယ်မှုန်းသည်။ ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦးနှင့် ခင်ဇာခြည်ကျော်တို့ သရုပ်ဆောင်ပါဝင်ကြသည်။

ပညာပေးဖော်ညွှန်း

သက်ဝေ၊ ကေသရီ၊ ပိုင်စိုးနှင့် ဦးကိုကိုနိုင်တို့ ဆုံစည်းကြရာမှ လောကဓံတရားအရ ဖြစ်ပျက်မှုများ၊ ဘဝ၏ မမြင်ရသော ကံတရားအပြောင်းအလဲများကို ခြယ်မှုန်း ပြသထားသည်။ နိုင်ငံခြား အထင်ကြီးမှုဖြင့် ရရှိခဲ့သော အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးကိုလည်း ပညာပေးဖော်ညွှန်းထားသည်။ ထိုဇာတ်ကားမှာ ကွာလာလမ်ပူ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့လည်း ပါဝင်ပြသခဲ့သည်။

ဆက်လက်၍ **ချစ်ခြင်းရင်ခုန် ယုံကြည်စွာဖြင့်** ဇာတ်ကား ရှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများတွင် ပြသနေသည်။ ဒွေး၊ ရီဝေယံ၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ သရုပ်ဆောင်ထားကြသည်။

တေးဂီတကား

ယခုသောကြာပတ်တွင် ရွှေဂုန်ရုံ၌ တေးဂီတ၊ အချစ်နှင့် ဟာသဇာတ်ကားဖြစ်သော ULAIPPALI အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။

မြို့မရုံ

မြို့မရုံတွင် အချစ်နှင့် အက်ရှင်ဇာတ်ကားသစ်ဖြစ်သော KHILADI 420 အမည်ရှိ အိန္ဒိယဇာတ်ကား ဆက်လက်ပြသနေသည်။ အရှစ်ကူမားနှင့် ဟီမာချောင်ဒရီတို့ ပါဝင်သရုပ်ဆောင်ကြသည်။

ဆုထူးပန်ရုံတွင် အိန္ဒိယအချစ် ဇာတ်ကား BADAL ရုံတင်ပြသနေသည်။ ဘော်ဘီဒေါနှင့် ရာနီမူတာဂျီတို့ တွဲဖက်ပါဝင်ကြသည်။

ထို့ပြင် တပင်ရွှေထီးရုံ၌ ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူး၍ ကျော်ဟိန်း၊ ဝေဠုကျော်၊ ခန့်စည်သူ၊ နဝရတ် တို့ပါဝင်သည့် **သေသောသူသည် သုသာန်သို့သွားသည်** ဒီဗွီဒီဇာတ်ကား ရုံတင်ပြသနေသည်။

နှစ်ယောက်မရှိဘူး

ဝဇီရာရုံတွင် ဒါရိုက်တာ အိအိခိုင် ရိုက်ကူး၍ လွင်မိုး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သည့် **နှစ်ယောက်မရှိဘူး** ဇာတ်ကား ပြသဆဲရှိသည်။ **(ကြေးမုံ)**

ရုံတင် ပြသဆဲ "ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်" ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်။



ယခုအပတ် ရုံတင်လာသော "ငါ သူတစ်ပါး ယောကျ်ား မိန်းမ" ဇာတ်ကားမှ ရန်အောင်နှင့် ထက်ထက်မိုးဦး။

မြို့မရုံတွင် တင်ဆက်ပြသနေသော KHILADI 420 အိန္ဒိယဇာတ်ကားမှ ပြကွက်တစ်ခု။

အစိမ်းရင့်ရင့်လမင်း မကြာမီရုံတင်မည်

ရန်ကုန် စက်တင်ဘာ ၄

စနိုးဝိုက်ရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်ဦး ရိုက်ကူး၍ နိုင်းနိုင်း၊ ဖြိုးငွေစိုးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သည့် အစိမ်းရင့်ရင့်လမင်း ဇာတ်ကား မကြာမီ ရုံတင်ပြသမည်ဟု သိရသည်။
(ကြေးမုံ)



ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသား အားလုံး၏ ကျန်းမာကြံ့ခိုင်ရေးသည် အဓိက လိုအပ်လျက်ရှိသည်။ ထို့ပြင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားလာခြင်းသည် နိုင်ငံတော်၏ လူမှုရေးကဏ္ဍ တိုးတက်မြင့်မားမှုကို ဖော်ညွှန်းပြသလျက်ရှိသည်။

အပေါ်ဆုံးပုံတွင် ဧရာဝတီတိုင်း မအူပင်မြို့ အထူးကုဆေးရုံကြီးကို နိုင်ငံတော်မှ တည်ဆောက်ဖွင့်လှစ်ပေးသကဲ့သို့ နယ်စပ်ဒေသ တိုင်းရင်းသားသွေးချင်းတို့အတွက် လှိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်တိုက်နယ် ဆေးရုံသစ်ကိုလည်း ဖွင့်လှစ်ခဲ့သည်။ (အပေါ်ပုံ)

ထို့အတူ ပေ ၁၈၀ အထက် တံတားကြီးများကို နိုင်ငံတစ်နံတစ်လျား တည်ဆောက်မြှင့်တင်ခဲ့ရာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေါင်းကူးပေးသည့် ဂျိုင်း(ဇာသပြင်) တံတားကို အောက်ပုံတွင် ဤသို့ ခံ့ထည်စွာ တွေ့နိုင်သည်။

(ကြေးမုံ)



ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်
ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

ပန်းတိုင်အထွက်နှုန်းသို့ ဦးတည် အကျိုးအမြတ်အများဆုံးရရှိစေမည့် စိုက်နည်းစနစ်များ ဖော်ထုတ်ပေးနေသည့် ဗဟိုစိုက်ပျိုးရေးသုတေသနဌာန

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည် တစ်နိုင်ငံလုံး၏ ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၄၈ ရာခိုင်နှုန်း ဖြည့်စွမ်းပေးလျက်ရှိသည်။ သီးနှံ အထွက်တိုးရေးအတွက် နိုင်ငံတော်မှ နည်းလမ်းလေးရပ်ချမှတ်ပေးထားခဲ့သည်။ ၎င်းတို့မှာ (၁)စိုက်စနစ်မှန်ကန်ရေး၊ (၂)သီးနှံအလိုက် အထွက်ကောင်းမျိုး သုံးစွဲရေး၊ (၃) ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် (၄)သီးနှံအလိုက် ရေတော်မီးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး စသောနည်းလမ်းလေးသွယ်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချမှတ်ပေးထားခဲ့သည့်အလျောက် ပေါင်းစပ်ကျင့်သုံး ဆောင်ရွက်လျက်ရှိသည်။

ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၂သန်းကျော်ရှိရာ ဆန်စပါးသည် တစ်မျိုးသားလုံး၏ ရိက္ခာဟုဆိုရမည်ဖြစ်သည်။ လူ ၁၀၀ တွင် ၆၅ ဦးသည် လယ်ယာနှင့်ဆက်နွယ်၍ လုပ်ကိုင်ဆောင်ရွက်နေကြသည်။ ထို့ကြောင့်နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ စပါးကိုတင်း ၁၀၀၊ ချည်မျှင်ရှည်ဝါပိသာ ၄၀၀၊ ကြံကိုတန် ၃၀၊ မတ်ပဲတင်း ၂၀၊ ပဲတီစိမ်းတင်း ၂၀၊

ဗဟို စိုက်ပျိုးရေးသုတေသနဌာန (ရေဆင်း)မှအထွေထွေမန်နေဂျာ ဒေါက်တာတင် စိုး က သီးနှံ ရှစ်မျိုး ပန်းတိုင် အထွက်တိုးနှုန်း ရရှိရေးဆောင်ရွက်ချက်များကို ကြေးမုံသို့ ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

ပဲစင်းငုံ ၂၅ တင်း၊ မြေပဲတင်း ၅၀၊ နှမ်းတင်း ၂၀၊ နေကြာတင်း ၅၀၊ အစေ့ထုတ်ပြောင်းတင်း ၈၀ ထွက်ရှိရန် ဆောင်ရွက်လျက်ရှိသည်။

ဖော်ပြပါသီးနှံများ နိုင်ငံတော်က ချမှတ်ထားသည့်အတိုင်း ပန်းတိုင်အထွက်နှုန်း ထွက်ရှိနိုင်ရေးအတွက် သီးနှံများကို စေ့စေ့စပ်စပ် သုတေသနပြုလေ့လာဆောင်ရွက်ပေးလျက်ရှိသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေး သုတေသနဌာနသို့ ကြေးမုံသတင်းအဖွဲ့ ကွင်းဆင်းလေ့လာခြင်း ပြုလုပ်ခဲ့သည်။

အထွက်နှုန်းကောင်းမွန်ရေး

ဗဟိုစိုက်ပျိုးရေး သုတေသနဌာနသည် ပျဉ်းမနားမြို့၏ မြောက်ဘက် ၁၀ မိုင်ကွာ ရန်ကုန်–မန္တလေး အဝေးပြေးကားလမ်းမကြီး၏ဘေးတွင် တည်ရှိ၍ မြေဧရိယာ ၉၆၈ ဒသမ ၂၄ ဧက ကျယ်ဝန်းပြီး ၆၁၇ ဒသမ ၅ ဧကတွင် သီးနှံစိုက်ပျိုးဧရိယာအဖြစ်သုံးစွဲပြီး စိုက်ပျိုးသီးနှံများ မျိုးကောင်းမျိုးသန့် အထွက်နှုန်း ကောင်းမွန်ရေးတို့ကို သုတေသနပြု၍ ထုတ်လုပ်ပေးလျက်ရှိသည်။

ရှေးဦးစွာ ဗဟိုစိုက်ပျိုးရေးသုတေသနဌာန အထွေထွေမန်နေဂျာ ဒေါက်တာတင်စိုးက ကြေးမုံသို့ ပဏာမရှင်းလင်းပြောပြရာတွင် မိမိတို့၏ရည်မှန်းချက်သည် စားနပ်ရိက္ခာဖူလုံပြီး ဆင်းရဲမှုပပျောက်သွားအောင် အဓိကစိုက်ပျိုးရေး သုတေသနအသုံးချပြီး အောင်အောင်မြင်မြင်ဆောင်ရွက်ရန် အဓိကထားကြောင်း၊ မျှော်မှန်းချက်အဖြစ် ၂၁၀၀ပြည့်နှစ်တွင် အရောက်သွားနိုင်ရန် မျှော်မှန်းချက် ထားရှိကြောင်း။

ထိန်းသိမ်းပြုစုရန်

စိုက်ပျိုးရေးသုတေသနကို တည်ထောင်ထားရခြင်း၏ ရည်ရွယ်ချက်မှာ အထွက်ကောင်း၊ သီးနှံကောင်းမျိုးစုံ ပိုထွက်အောင်၊ မျိုးများအရည်အသွေးကောင်းများဖြစ်အောင်၊ စပ်မျိုးရရှိအောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အရေးကြီးသော စိုက်ပျိုးရေးနည်းစနစ် အကောင်အထည်ဖော်ရန် စိုက်ပျိုးရေးနှင့်ဆိုင်သော သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ အကျိုးရှိရှိ အသုံးချနိုင်ရန်၊ မျိုးစေ့ကို စနစ်တကျအသုံးပြုနိုင်ရန်အတွက် မျိုးစေ့အဆင့်ဆင့် အခြေခံကျသော အခြေခံမျိုးအဆင့်(၁)၊ အဆင့်(၂)မျိုးမွေးမြူရေး ထိန်းသိမ်းပြုစုရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ သီးနှံဌာနအနေဖြင့် ခုနစ်ခုရှိကြောင်း၊ ၎င်းတို့မှာ ဆန်စပါးဌာန၊ အခြားနှံစားသီးနှံဌာန၊ ပဲမျိုးစုံဌာန၊ ဆီထွက်သီးနှံဌာန၊ ကြံသီးနှံ၊ ဝါသီးနှံ၊ ဂုန်လျှော်သီးနှံတို့ရှိကြောင်း၊ ၎င်းတို့ကို အထောက်အကူပြုသောဌာနခြောက်ခုရှိကြောင်း၊ စပါးသီးနှံမျိုးပေါင်း ၆၀ ကျော်ကို သုတေသနလုပ်ငန်းမှ ဖော်ထုတ်ပေးကြောင်း။

မိုးခေါင်ရေရှားဒေသ၊ ရေနက်ကွင်းဒေသစသည်တို့တွင် ရေနက်စပါး၊ ရေငတ်ခံစပါးစသည်ဖြင့် ထုတ်လုပ်ပေးကြောင်း၊ အစေ့ထုတ်ပြောင်းအနေနှင့် ရေဆင်းစပ်မျိုး ၂၊ ၃၊ ၄၊ ၅အထိရှိပြီး ဆက်ထုတ်ရန်လည်းရှိကြောင်း၊ ၎င်းမျိုးများကို ၂၀၀၄–၂၀၀၅ တွင်ဧရိယာ၏ ၇၀ ရာခိုင်နှုန်းအထိ ၎င်းမျိုးများကိုသုံးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နေကြာသီးနှံကို စိုက်ပျိုးရေးတွင် သုံးလိုင်းစနစ်ကို အသုံးပြုကြောင်း၊ ၁၀ နှစ်ခန့်အတွင်း အထွက်နှုန်း တင်း ၅၀ ရနိုင်အောင် ထုတ်နေကြောင်း၊ စပါးကို ၂၀၀၄–၂၀၀၅ ခုနှစ်တွင် စပ်မျိုး၊ ခရမ်းချဉ်စပ်မျိုး၊ ဝါနှင့် ပတ်သက်သော စပ်မျိုးထုတ်ရန် ဆောင်ရွက်နေကြောင်း၊ ဇီဝအခြေခံမြေဩဇာ ထုတ်လုပ်မှုကိုလည်း လုပ်ကိုင်လျက်ရှိကြောင်း၊ မြစ်ဖုဇီဝမြေဩဇာကို ပဲအတွက်အသုံးချ၍ နိုက်ထရိုဂျင်မြေဩဇာကို လျှော့သုံးနိုင်သောကြောင့် ၎င်းမြေဩဇာကို နှစ်သိန်းနှစ်သောင်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ဇီဝဆူပါမြေဩဇာကိုလည်း နှမ်းဖတ်အခြေခံပြီး ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ပုလင်းပေါင်းတစ်သန်း၊ ဧကတစ်သန်းအတွက် လုံလောက်အောင် ထုတ်လုပ်မည်ဖြစ်ကြောင်း။

သုတေသနပြု

သုတေသနဌာနအနေဖြင့် သုတေသနပြုလုပ်မှုအခြေခံပြီး အလွန်အရေးကြီးသော သီးနှံ ၁၀ မျိုးအနက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သော သီးနှံရှစ်မျိုး၏ သတ်မှတ်အထွက်နှုန်း ရရှိစေရန်အတွက် ပန်းတိုင် ရရှိအောင်

စံပြစပါးကွက်

ပဲခူးတိုင်း ရန်ကုန်–မန္တလေးလမ်းတွင်ရှိ မယင်းကျေးရွာ၌ ပန်းတိုင်အထွက်တိုးနှုန်း ရရှိရေးအတွက် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရန် အကျိုးဆောင် တောင်သူကြီးများစိုက်ထားသည့် ဧက ၁၀၀ စံပြစပါးကွက်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

မျိုးကအစ နည်းပညာရရှိအောင်ပြုစု၍ သက်ဆိုင်ရာနယ်မြေများတွင် တိုးချဲ့ပညာပေးရေးဌာနမှ ဝန်ထမ်းများ အသုံးပြုဆောင်ရွက်သွားရန် တင်ပြထားကြောင်း၊ သီးနှံများပန်းတိုင်သို့ ရောက်ရှိရေးအတွက် အာမခံချက် ပေးနိုင်သောနည်းစနစ်များကို သုတေသနပြု တင်ပြထားခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အကျိုးအမြတ်အများဆုံးရရှိ

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဌာနမှ မန်နေဂျာဦးစိုးမြင့်က ရှင်းလင်းပြရာတွင် သုတေသနဌာနအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများမှာ များပြားကြောင်း၊ အထွက်ကောင်းမျိုး၊ စပ်မျိုးသီးနှံများ ထုတ်ဖော်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ အပင်ဇီဝနည်းပညာသုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ ထွက်ပေါ်လာသော သီးနှံမျိုးအလိုက် အကျိုးအမြတ် အများဆုံးရရှိစေမည့် စိုက်နည်းစနစ်များ ဖော်ထုတ်ပေးရန် ရည်ရွယ်ချက်လည်းပါရှိကြောင်း။

ကာကွယ်နှိမ်နင်းကြရန်

ဖော်ထုတ်ရာတွင် ကုန်ကျစရိတ်နည်းနည်းနှင့် ဖော်ထုတ်ပေးရန်၊ သဘာဝအရင်းအမြစ်ကို ဘယ်လို အသုံးချမည်ဆိုသော နည်းစနစ်ကို ဖော်ထုတ်ပေးရန်ဖြစ်ကြောင်း၊ သီးနှံများတွင် ကျရောက်တတ်သော ရောဂါများကို ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းစနစ်နှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

၎င်းအပြင် ဓာတုမြေဩဇာကိုအားမကိုးဘဲ ဇီဝမြေဩဇာသုတေသနထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အတွက် ၎င်းလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၎င်းရည်ရွယ်ချက်များ အကောင်အထည်ဖော်ရာတွင် သီးနှံသုတေသနဌာနစုများရှိသကဲ့သို့ တစ်ဖက်တွင် အထောက်အကူပြုမည့်ဌာနစုများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ကြေးမုံသို့ရှင်းပြခဲ့သည်။ **(ကြေးမုံ)**

လက်တွေ့ပြသ

ပဲခူးတိုင်း ရန်ကုန်–မန္တလေးကားလမ်း မယင်းကျေးရွာတွင် စပါးဧက၁၀၀ကို စံပြစိုက်ခင်းအဖြစ် စိုက်ပျိုးထားသည့် လယ်မြေ၌ အသုံးပြုရန် အီးအမ်ဘိုကာရှီ မြေဆွေးများထုတ်လုပ်ပုံကို လက်တွေ့ပြသထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

■ ညေးကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာရေးနှင့်စေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး တည်ဆောက်ရန်မှာ ပြည်သူတို့၏ သည်းခြေကြိုက်ရည်မှန်းချက်များဖြစ်သည်။
■ စကားနောက် တရားပေါ် နှုတ်ကြောင့်သေ လက်ကြောင့်ကျေ၊ တဲတားတိုမှောင်နဲ့မထွောက်နဲ့၊ စကားဆို တောင်လိုမမောက်နဲ့ ဆိုရိုးစကားများ သိထားလျက် အသိခေါက်ခေါက် အဝင်နက်မဖြစ်ကြနဲ့။
■ သူတို့ပြောသလို ဘီဘီစီကို ဟိုးရိုးလို့ မဆိုချင်၊ ဟိုးရိုးအင်းလို့သာ အမည်ပေးချင်သည် ဧသည်ဖြင့် ယနေ့နိုင်ငံတော်၏ ကြိုးပမ်းတည်ဆောက်မှုကို အမျက်အင်အားစု၏ နှောင့်ယှက်မှုများကို ပီပြင်စွာ တင်ပြလိုက်သည်။

ပြည်ထောင်စုအရေး မျှော်တွေးလို့မြင်စေချင်နှင့် အခြားဆောင်းပါးများ

အထူးအစီအစဉ်ဖြင့်ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ကျပ် ၁၀၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
☎ - ၂၉၄၃၀၆

■ တစ်ဖက်သတ်အချိန်အဝါပြ ဖြိမ်းခြောက်နေခြင်းဖြင့် ဒီမိုကရေစီမဖြစ်ထွန်းနိုင်ပါ-
■ တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်ရင်ဆိုင်ကြရသည်ထက် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည် -
■ ဒီမိုကရေစီရေးကို တစ်ဖက်စောင်းနင်းဖိအားပေးမှုနှင့် ဖြေရှင်းနိုင်ပါမလား။
■ အတွေးသစ်အမြင်သစ်တွေနဲ့ လမ်းသစ်တစ်ခုကို လက်တွဲဖော်ကြမယ်လို့ မျှော်လင့်မိသမျှ ရောင်နီလေးသန်းလာချိန်မှာပဲ အမြော်အမြင်နည်းပါးလွန်းတဲ့လုပ်ရပ်၊ အဆင်ခြင်တုံတရားမဲ့တဲ့အဖြစ်အပျက်တစ်ခုကို ဖန်တီးလုံဖော်လိုက်တဲ့အခါ-
ဧသည်တို့ကို နေ့စဉ်ရှုမြင်လေ့လာမှတ်သားဖတ်ရှုနိုင်ခွင့်ရရှိမဲ့

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ နှင့် လက်ရွေးစင်ဆောင်းပါးများ



အင်္ဂလိပ်ဘာသာဖြင့် ရက်ပိုင်းအတွင်း ဖြန့်ချိပါမည်။

ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ဝှမရိုစက္ကူဖြင့်ကျပ် ၄၇၅
နယူးစပရင့်စက္ကူဖြင့်ကျပ် ၁၀၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
☎ - ၂၉၄၃၀၆

မွေးနေ့ဆုတောင်း

၅-၉-၂၀၀၃ရက် (သောကြာနေ့)တွင် ကျရောက်သော သမီးကြီး သဲရတနာထွေး ILBC KG(G) ၏ ခြောက်နှစ်ပြည့် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်သည့် သမီးရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်တောင်းလျက်–

ဖေဖေ – ဦးနိုင်ထွေး (M.D) Asia Brave Trading Ltd.
မေမေ – ဒေါ်သင်းသင်းနိုင်
ညီမလေး – ဆုရတနာထွေး
အန်တီရွှေ၊ ကြီးကြီးမေနှင့် ABT ဝန်ထမ်းများ။

ဖခင်အမည်မှန်

အထက(၆)တောင်ကြီး ဒသမတန်းမှ မောင်ယဉ်ထွေး၏ ဖခင်အမည်မှန်မှာ ဦးဝမ်ဖိန်းဖြစ်ပါကြောင်း။
ဦးဝမ်ဖိန်း[၁၃/တကန(နိုင်)၁၂၃၀၁၇]

ပါဠိတော်ကောက်နုတ်ချက် ဆက်သွယ်ထုတ်ယူနိုင်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ သီတင်းကျွတ်လပြည့်နေ့တွင် ကြီးမှူးကျင်းပမည့် (၅၅)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းခွဲများ၊ ဝတ်အသင်းအဖွဲ့များသို့ ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ရေးသားချီးမြှင့်သည့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများနှင့် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များကို ဩဂုတ်လအတွင်း ရန်ကုန်စာတိုက်ကြီးမှ တစ်ဆင့်ပေးပို့ဖြန့်ချိပြီးဖြစ်သည်။ သက်ဆိုင်ရာမြို့နယ်စာတိုက်များတွင် စုံစမ်းထုတ်ယူနိုင်ကြောင်းနှင့် အသင်းသစ်များအတွက် ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း ဖုန်း–၃၇၈၄၅၇သို့ ဆက်သွယ်ရယူနိုင်ကြောင်းသိရသည်။
(က–ပ)

မော်ဒန်မြန်မာ တေးထုတ်လုပ်ရေး
အမှတ်(၆၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၀၂၁၁

သီရိဂျေမောင်မောင်
အကောင်းဆုံးတေးများ
MTV VCD KARAOKE

သီရိရဲ့တေးသီချင်းများကို အစဉ်အားပေးလျက်ရှိသော တေးချစ်သူပရိသတ်များအတွက် သီရိသီဆိုခဲ့သောတေးသီချင်းများစွာထဲမှ အကောင်းဆုံးတေးသီချင်းများကို ရွေးချယ်သီဆိုထားပြီး အနုပညာမောင်နှမများနှင့်အတူ ပါဝင်သရုပ်ဆောင်ထားတဲ့
"သီရိဂျေမောင်မောင် အကောင်းဆုံးတေးများ"
ဗီစီဒီကာရာအိုကေအခွေကို စက်တင်ဘာ(၁၀)ရက်နေ့ မွန်းတည့်(၁၂)နာရီ Dagon Centre (မဟာဆယ်)၌ အမှတ်တရလက်မှတ်ရေးထိုးပြီး ပွဲတော်များ လက်ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးချင်ပါသည်။
သီရိနဲ့အတူ ဆုံကြမယ်နော်...
(Looking forward to see you there !)

သီရိဂျေမောင်မောင်

၁၀-၉-၂၀၀၃ရက်နေ့မှာ ဆုံမယ်လေ
မမေ့နဲ့နော်....

FAME

Diabe-herb® (ဆီးချိုကျဆေးတောင့်)

★ *Momordica charantia* (ကြက်ဟင်းခါးသီး)မှ ဆီးချိုရောဂါဝေဒနာရှင်များအတွက် ထိရောက်စွာ ထုတ်လုပ်ထားပါသည်။
★ ပန်ကရိယမှ အင်ဆူလင်ထွက်ရှိမှုနှင့် အင်ဆူလင်အာနိသင်ကို ပိုမိုကောင်းမွန်စေပြီး သွေးထဲရှိသကြားဓာတ်ကို ပုံမှန်ဖြစ်အောင် ထောက်ကူပေးပါသည်။
★ အနောက်တိုင်းဆေးဝါးဖြစ်သည့် အင်ဆူလင်ထိုးဆေး ဆီးချိုကျဆေးပြားများနှင့်လည်း တွဲဖက်သောက်သုံးနိုင်ပါသည်။

GMP & ISO 9001 Certified



FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။
ရန်ကုန်(ရုံး) - Ph : 01-681908, 682199, 686063 Fax : 95-1-680122 E-mail : dmm@famespirulina.com.mm

[illegible]

VCD Karaoke Songs

BODY FITNESS
MUSIC & SPORTS CENTRE
[illegible]
Yazana Business Tower

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကွန်ပျူတာစာရင်းကိုင်-မြန်မာ+အင်္ဂလိပ် စာစီစာရိုက်ကျွမ်းကျင်သူ ကျား (၁) ဦး
၂။ ဂိုဒေါင်မှူး ကျား (၁) ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ၊ အနည်းဆုံး (၃)နှစ်ရှိရမည်။

အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၀၉-၉၉-၂၂၆၀၄၊ ၂၄၅၀၂၉၊ ၂၄၈၉၁၂။

Mother Land Construction.

အမှတ်(၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသင်တန်း
(Myanma Rice Marketing Course Program-2)
သင်တန်းသားခေါ်ယူခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ကကြီးမှူး၍ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသင်တန်းကို အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။**သင်တန်းကာလ**- ၁၅-၉-၂၀၀၃နေ့မှ ၂၆-၉-၂၀၀၃နေ့အထိ
၂။**သင်တန်းအချိန်**- မွန်းလွဲ (၁)နာရီမှ (၅)နာရီထိ
၃။**လျှောက်ထားနိုင်သူ**-စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့်ဆန်စပါးကုန်သည်များ
၄။**လျှောက်လွှာစတင်လက်ခံမည့်နေ့**-၈-၉-၂၀၀၃(တနင်္လာနေ့)
၅။**လျှောက်လွှာပိတ်မည့်နေ့**-၁၂-၉-၂၀၀၃(သောကြာနေ့)
၆။**လျှောက်လွှာလက်ခံမည့်နေရာ**-ကုန်သည်/စက်မှုအသင်းချုပ်ရုံး အမှတ်-၅၀၄/၅၀၆၊ ကုန်သည်လမ်း၊ (၃၉ လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၆၄၉၅၊ ၂၄၃၁၅၁၊ ၃၈၁၂၈၄၊ ၃၈၁၂၈၅။
၇။**သင်တန်းနေရာ-UMFCCI TRAINING CENTRE**
အမှတ်-၇၄/၈၆၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၀၈၂၃။ (သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။)
ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ UMFCCI.

Yan Aung
တာဝန်ယူစိုက်ဆေးဖြင့်ဒီမြောက်(ကျ၄-နာရီ)
☎ ၂၅၆၇၉၉၊ ၂၅၆၇၉၉

ဦးရာလူရောင်းမည်
အသုံးပြုနေသော (Golf) ပစ္စည်းမျိုးစုံတို့ကို ရောင်း၊ ဝယ်၊ လဲလှယ်၊ ပြုပြင်ပေးသည်။
ဖုန်း-၅၃၈၅၁၇၊ ၇၂၄၁၁၁။

နေ့ဆင်းအလိုရှိသည်
Project Engineer (၁)ဦး
[illegible]

စားပွဲနှင့်ကုလားထိုင်များငှားရန်
အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

BEAUTY SALON
NOW OPEN 30% (Discount)
10 (Am) to 11 (Pm) (OPEN DAILY)
Ph-283789

အများသိစေရန်နှင့် ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

အမှတ်(၁၈၅/၁၉၀) အခန်း(၉၀၂) ပန်းဆိုးတန်းတာဝါ၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်တွင် တည်ရှိသော Diesel King Co., Ltd. မှ [illegible]

Diesel King Co., Ltd. ၏ ညွှန်ကြားချက်အရ

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်နှင့် အမှတ်အသားများသည် အမှတ် ၁၈၅/၁၉၀၊ အခန်း(၉၀၂) ပန်းဆိုးတန်းတာဝါ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ Diesel King Co., Ltd. မှ လူသုံးကုန်ပစ္စည်းများအတွက် တစ်ဦးတည်းပိုင် သုံးစွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ်၊ အမည်နှင့် အမှတ်အသားများဖြစ်ကြောင်း ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အောက်တွင်ဖော်ပြထားသည့် အတိုင်း မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

မှတ်ပုံတင်သည့်နေ့စွဲနှင့် စာချုပ်အမှတ်	ကုန်အမှတ်တံဆိပ်၊ အမည်နှင့်အမှတ်အသား
(၁၁. ၉. ၂၀၀၁) ၄၂၆၇	BEST - T
(၁၃. ၉. ၂၀၀၁) ၄၂၆၉	BEST

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်နှင့် အမှတ်အသားများဖြင့် သွားတိုက်ဆေးနှင့် အခြား လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး၊ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်၊ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်နှင့်အမှတ်အသားများအား တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးဖြစ်စေ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပပြုလုပ်သုံးစွဲပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Diesel King Co., Ltd. ၏ ညွှန်ကြားချက်အရ
ဦးအောင်ကျော်မိ ၊ တရားရုံးချုပ်ရှေ့နေ
အမှတ်(၇၅)၊ (၄၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၅၅၊ ၀၉-၉၉-၂၅၃၀၉

ကုန်အမှတ်တံဆိပ်တစ်ခုကို ဆင်တူယိုးမှားပြုလုပ်ခြင်းမပြုရန် သတိပေးကြေညာချက်

[illegible] WEST WORLD TRADING CO.,LTD. [illegible] Managing Director [illegible]

DREAM WORLD

[illegible] DREAM WORLD [illegible] WEST WORLD TRADING CO.,LTD [illegible]

- DREAM WORLD MATTRESS & FURNITURE SHOW ROOM
[illegible]

WEST WORLD TRADING CO.,LTD ၏ [illegible]
LL.B, H.G.P, D.B.L, D.M.L, D.A.Psy.
Advocate & Legal Consultant
[illegible]



အမည်ပြည့်စွက်ခေါ်ပါရန်

ဦးအောင်တင့်၏သား မောင်စိုးအောင် [၁၂/ကမတ(နိုင်)၀၄၅၁၅၃] အား ယနေ့မှစ၍ မောင်စိုးအောင် (ခ)မောင်ရန်နိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ ပန်းတိမ်တန်းလမ်း၊ အမှတ်(၁၈)နေ (အဘ) ဦးထွန်းရီ၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်ဌေးရီ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သလန(နိုင်)၀၃၁၃၃၇]ကိုင်ဆောင်သူမှ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါနေအိမ်နှင့်မြေအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်မတစ်ဦးတည်းသာ ပိုင်ဆိုင်သောကြောင့် ကျွန်မ၏ခွင့်ပြုချက်သဘောတူညီမှုမရှိဘဲ မည်သူ တစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးကမ်းခြင်းမပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မဋ္ဌူ (အယ်လ်အယ်လ်ဘီ)
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၄၉၄)
အမှတ်(၄၈)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်လှရီ [၁၂/အစန(နိုင်)၀၇၁၃၃၉]၊ ၈၀၇၊ ထူပါရုံ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်နေသူ၏သားဖြစ်သူ ကိုဉာဏ်လင်း [၁၂/အစန(နိုင်)၀၀၁၃၆၉] သည် အသက်(၉၀)နီးပါး မိခင်အိုကြီးကို ကိုယ်ထိလက်ရောက် အကြမ်းဖက်စော်ကားခြင်း၊ အသက်အန္တရာယ် နှင့် ကျန်းမာရေးထိခိုက်အောင် အရက်တကွဲ အကျိုးနည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် မကြာခဏပြုလုပ်ခြင်း၊ မိခင်ကြီး၏ ဥစ္စာပစ္စည်းများကို ဖြုန်းတီးခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကြောင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးမျိုးသန့် လိုင်စင်အမှတ်-(၁၅၆၇)
B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်-၉၆၀၊ (၁၂)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပနေ ဦးလှတိုး[ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း]-(ဒေါ်ကြည်မြခိုင်)တို့၏ တစ်ဦးတည်းသောသား

မောင်ကြည်ဦးတိုး B.E°(Aeronautical)

နှင့်

ရန်ကုန်မြို့၊ တိုက်အမှတ်-၁၇၀၊ အခန်း(၁၃)၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်းနေ ဦးပေါ်ရှိန်(တပ်မတော်ရေ၊ ငြိမ်း)-ဒေါ်ခင်သန်းဆွေ(ငြိမ်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ တစ်ဦးတည်းသောသမီး

မဝါဝါရှိန် B.A.Hons,M.A(English)

တို့သည် နှစ်ဖက်သော ဂုဏ်သရေရှိ လူကြီးမိဘတို့၏ ရှေ့မှောက်တွင် ၁၁-၈-၂၀၀၃တွင် စေ့စပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကြည်ဦးတိုး - မဝါဝါရှိန်။



ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၁ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၃

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (၎င်း၏ကိုယ်စားဘဏ်မန်နေဂျာ)	နှင့် ၁။ ဦးဗကလေး ၂။ ဒေါ်မြရီ (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးညွန့်)
တရားနိုင်	**တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၄၄/၉၉အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၃ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

__လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ__

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

စန္ဒာသွယ်
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

__ပစ္စည်းစာရင်း__

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/အက်ဖ်၊ မြေကွက်အမှတ်-၂၃၆(၇၅ပေ X ၃၅ပေ) အကျယ်အဝန်းရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၈၅)၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သည့် နှစ်ထပ်အုတ်ပတ်ကားတိုက်တစ်လုံး။

ကြမ်းခင်းဈေး ကျပ်သိန်း(၁၅၀)သတ်မှတ်သည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၃၄၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ကိုယ်စားလှယ်စာရရှိသူ ဦးခင့်အောင် လက်ထောက်ညွှန်ကြားရေးမှူး(ဥပဒေ) ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။	နှင့် ဒေါ်မြတ်မြတ်စော(ခ) ဒေါ်အေးအေးသွယ် အမှတ်(၈/၄)၊ ပြည်တော်သာလမ်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
တရားလို	**တရားပြိုင်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာလမ်း၊ အမှတ်(၈/၄)နေ ဒေါ်မြတ်မြတ်စော(ခ)ဒေါ်အေးအေးသွယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလိုက ရေယာဉ်ငှားရမ်းခကြွေးကျန် အမေရိကန်ဒေါ်လာ ၂၆၂၆၇(သို့မဟုတ်) အက်ဖ်အီးစီး ၂၆၂၆၇ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၄ရက် မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤတိုင်းတရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၃ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်မောင်
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။



အမည်ပြောင်းခြင်း

ဦးခင်မောင်လတ်၏ သားဖြစ်သူ အထက(၂)သာကေတ ဒသမတန်း(SE)မှ မောင်အောင်ကိုကိုလွင်အား ယနေ့မှစ၍ မောင်အောင်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကိုကို။**

အမည်ပြောင်းခြင်း

ဦးလှကြိုင်၏သမီး အထက၊ ဥက္ကံ တက္ကသိုလ်ဝင်တန်း (က)မှ မအိမြတ်မွန်အား မအိမြတ်မွန်ဦး ဟု ပြောင်းလဲခေါ်ပါရန်။

GOLDEN CITY
SHOPPING CENTRE

အထူးစျေးရောင်းပွဲတော်

12.9.2003 မှ 12.11.2003 ထိ

➢ VCD စက်၊ ကက်ဆက်၊ ပန်ကာ၊ ထမင်းပေါင်းအိုး စသည့်လျှပ်စစ်ပစ္စည်းများ ကံစမ်းမဲလက်ဆောင် ပေးပါမည်။

➢ ကျပ် ၁၀၀၀၀ ဖိုးဝယ်တိုင်း ကံစမ်းခွင့်ရှိပါသည်။

➢ အထူးအစီအစဉ်တစ်ရပ်အဖြစ် အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် ယခုဝယ် ယခုပေါက် ချက်ချင်းကံစမ်းနိုင်သည့်

အထူးကံစမ်းမဲအစီအစဉ်ကို စျေးဝယ်ရင်း တပျော်တပါး ဆင်နွှဲနိုင်ရန် စီစဉ်ထားပါသည်။

လိပ်စာ ။ အမှတ် ၁၆-၂၉၊ ပန်းဘဲတန်းလမ်းထိပ်၊ [illegible] ရန်ကုန်မြို့။ ☎ : 511491, 539446

ဝန်ထမ်းအလိုရှိသည်။

(မြည်လွှာ[illegible])

(၁) Interior Decoration & Furniture Designer Post
- B.Arch (ဘွဲ့ရ) (ကျား/မ) (၁)ဦး
- AGTI (ဘွဲ့ရ) (ကျား/မ) (၁)ဦး

(၂) ထုတ်သမား (ကျား) (၁)ဦး

(၃) Marketing Executive (ဘွဲ့ရ) (ကျား/မ) (၁)ဦး

(၄) Accountant (ဘွဲ့ရ) (မ) (၁)ဦး

(၅) Computer Operator (ဘွဲ့ရ) (မ) (၂)ဦး

(၆) ယာဉ်မောင်း (ကျား) (၁)ဦး

(၇) ဆပ်/ယာဉ်မြိုင် (ဝင်ရွေးဆရာ) (ကျား) (၁)ဦး

[illegible]

Sinma Furnishings Co., Ltd.

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇(သမိုင်း)၊ မြေကွက်အမှတ် $\frac{၄/c^{၁၀}}{P}$၊ ဇရိယာဝဒသမဝဇဖဇကရီ (အစိုးရမြေ)၊ အမှတ်-၅/၄၂၊ အောင်ဇေယျလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဒေါ်ခင်မာမြင့် [၁၂/ဥကမ(နိုင်)၀၁၁၅၁၇]အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ရီ (ကသာ) အသက်(၅၆)နှစ်

ပီအမ်ဂျီကုမ္ပဏီလီမိတက် ရန်ကုန်(ရုံးချုပ်)မှ ရုံးချုပ်မန်နေဂျာကြီး ဦးတင်ထွန်းငြိမ်း၏ဇနီး ဒေါ်တင်ရီသည် ၁-၉-၂၀၀၃ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေဂျာနှင့်ရုံးခွဲဝန်ထမ်းများ
P.M.G Co.,Ltd. မန္တလေးရုံးခွဲ။

ဝန်ထမ်းအလိုရှိသည်

၁။ Marketing Manager (ဘွဲ့ရ) ကျား (၁) ဦး
အသက် (၃၀)နှစ်အထက်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။

၂။ အရောင်းဝန်ထမ်း: ကျား (၇) ဦး
သွက်လက်ဖျတ်လတ်ပြီး ရောင်းနိုင်သူ

လျှောက်ထားသူသည် ကြော်ငြာပါပြီး (၇)ရက်အတွင်း ကိုယ်ရေးအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၁)ပုံနှင့်အတူ **အမှတ်(၁၃၈/က)၊ မဟော်ဂနီလမ်း၊ ရွှေပြည်သာစက်မှုဇုန်**သို့ လျှောက်ထားနိုင်ပါသည်။ **ပြည်တွင်း၌ခန့်ရန်။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းမြင့် အသက်(၅၀)နှစ်

ဦးမျိုးမြင့် သင်္ဘောသားအုပ်(ကုန်းပတ်) (ဖားရွှေကျော်ရွာသင်္ဘော)၏ဇနီးသည် ၂-၉-၂၀၀၃ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဝန်ထမ်းမိသားစု။

ဒေါ်တင်တင်ဦးနှင့် အများသိစေရန်

ကျွန်တော် ဦးခင်မောင်အေး[ကေပီဂျီ-၁၁၄၁၈၈]နှင့် ဒေါ်တင်တင်ဦးတို့သည် ၁၉၉၀ပြည့်နှစ်ကပင် စိတ်သဘောထားချင်းမတိုက်ဆိုင်၍ အတူတကွပေါင်းသင်းနေထိုင်ခြင်း မပြုတော့ဘဲ ယနေ့အထိ (၁၃)နှစ်တိုင်ရှိပြီဖြစ်ပါသည်။ ကျွန်တော်တို့ အတူတကွပိုင်ဆိုင်သော မှော်ဘီမြို့၊ တပ်ကြီးကုန်းကျေးရွာရှိ တစ်ထပ်အိမ်တစ်လုံးကိုလည်း ၉-၉-၂၀၀၀ပြည့်နှစ်က ရောင်းချခဲ့ပြီး တစ်ဝက်စီအညီအမျှ ခွဲဝေရရှိခဲ့ပြီးဖြစ်၍ ပစ္စည်းခန်းလည်း ရှင်းလင်းပြီးဖြစ်ပါသည်။ သို့ပါ၍ ယခုကြေညာသည့်ရက်မှစတင်၍ ကျွန်တော်နှင့် ဒေါ်တင်တင်ဦးတို့ မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်အေး။

ခုံအားကျဆင်းရောဂါ

သွေးစစ်၍ (Positive) တွေ့သူများ(သာဒူကြီးထံ)

[illegible]

[illegible] Ph :377491

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မအေးအေးသန်း [၁၂/မဂဒ(နိုင်)၀၀၉၂၆၂]သည် ခွင့်မလွှတ်နိုင်သည့် အပြုအမူများပြုလုပ်ဆောင်ရွက်ပြီး မိမိသဘောအလျောက် နေအိမ်မှဆင်းသွားသည်မှာ (၃)နှစ်ကျော်ကြာပြီဖြစ်သောကြောင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ လုံးဝ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ)
ဦးလှသန်းမောင် [၁၂/မဂဒ(နိုင်)၀၀၉၂၆၁]။

ကိုပိုက်(ခ)ဦးမြဝင်း (ISN-၅၅၃၃၆၆) သိစေရန်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက်(၃၃၁)၊ အခန်း(၁၇)နေ ဒေါ်သူဇာတင် [၁၂/ဗတထ(နိုင်)၀၁၀၆၆၃]နှင့် တိုက်(၃၃၂)၊ အခန်း(၂၂)နေ ဒေါ်မိုးသန္တာဦး [၁၂/ရကန(နိုင်)၀၀၁၁၆၆]တို့ထံမှ ကွန်ပျူတာလုပ်ငန်းလုပ်ကိုင်ရန်ဟုဆိုကာ ငွေကျပ် ၂၀၀၀၀၀/-(ကျပ်နှစ်သိန်းတိတိ)ကို ၂၂-၃-၂၀၀၀ရက်နေ့တွင် ၎င်းမှယူဆောင်သွားခဲ့ပါသည်။ ထိုငွေများကို အကြိမ်ကြိမ်တောင်းခံသော်လည်း ယနေ့အထိ ပြန်လည်ပေးဆပ်ခြင်း မရှိသည့်ပြင် မချေမငံပြောဆို ခြိမ်းခြောက်တိမ်းရှောင်နေခဲ့ပါသည်။ သို့ဖြစ်၍ ယင်းငွေများကို ယနေ့မှ(၇)ရက်အတွင်း ပြန်လည်ပေးဆပ်ရန် ၎င်းအားအသိပေးကြေညာလိုက်သည်။

ဒေါ်သူဇာတင်၊ ဒေါ်မိုးသန္တာဦးတို့၏ညွှန်ကြားချက်အရ-
ဒေါ်သိန်းခင် B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၀၄၅)
တိုက်(၃၃၃)၊ အခန်း(၈)၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဦးအောင်ကြည် (၅၂)နှစ်
